# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၂)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ် အမှတ်(၁၅၃)အဆန်၊ အမှတ်(၁၅၄)အစုန်ရထား ပြန်လည်ပြေးဆွဲ

**တောင်ကြီး စက်တင်ဘာ ၁**

တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ်(၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထား ပြန်လည်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ နံနက်က တောင်ကြီး ဘူတာစကြံ၌ ကျင်းပသည်။

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းသည် တောင်ကြီးဘူတာမှ ဘန်းယဉ်ဘူတာအထိ ၃၃ ဒသမ ၇၁ မိုင်ရှိသော ရထားလမ်းပိုင်းကို ပြန်လည်ပြေးဆွဲခြင်းဖြစ်ပြီး တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းမှာ ရထားပြေးဆွဲခြင်းကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်ခန့် ကိုဗစ်ကာလတွင် ယာယီရပ်နားခဲ့ရပါကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ တောင်းဆိုချက်များနှင့်အညီ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ရထားစီးတိုင်းရင်းသားပြည်သူများအနေဖြင့် စိတ်ချမ်းမြေ့စွာ၊ လုံခြုံစွာ သွားလာအသုံးပြုနိုင်အောင် ဆောင်ရွက်ထားပြီး ပြည်သူများလိုအပ်ချက်ပေါ် မူတည်၍

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ရွှေဒင်္ဂါးပြားများကို လွတ်လပ်စွာ ရောင်းချပေးရန် စီစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သား အလေးချိန်ရှိသော ရွှေဒင်္ဂါးပြားများကို လွတ်လပ်စွာရောင်းချပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထောပတ်သီးကို ပြည်ပနိုင်ငံများသို့ လာမည့်ထောပတ်ရာသီတွင် တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေ

ပြင်ဦးလွင် စက်တင်ဘာ ၁

မြန်မာ့ထွက်ကုန်သီးနှံဖြစ်သော ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ လာမည့်ထောပတ်ရာသီတွင် တွင်ကျယ်စွာတင်ပို့ရောင်းချနိုင်ရေးချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻



## ယနေ့ ဖတ်စရာ

ရုရှားနိုင်ငံ၌ ကျင်းပသည့် International Army Games-2022 ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ပြည်တွင်းသတင်း | စာ - ၃

ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အဂတိလိုက်စားမှု တိုက်ဖျက်ကြပါစို့

ဆောင်းပါး | စာ - ၆

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေ စောင့်ထိန်းကြစို့လေ

ဆောင်းပါး | စာ - ၁၀

မြန်မာ့အလင်း

## အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ စံချိန်စံညွှန်းကိုက်ညီသည့် ကုန်စည်များထုတ်လုပ်

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်များတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန်နှင့် သရက်၊ ဖရဲ၊ သခွားမွေး၊ ငှက်ပျောအစရှိသော စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက် ပစ္စည်းများတို့ဖြစ်ပြီး နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနေသည့်ကဏ္ဍဖြစ်သည်။ လယ်ယာနှင့် ဥယျာဉ်ခြံထွက် စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ပိုးသတ်ဆေးအပါအဝင် ဓာတုဓာတ်ကြွင်းများ မပါရှိစေရေးအတွက် အသိပညာပေး တိုက်တွန်းဆော်ဩလျက်ရှိရာ စိုက်ကွင်းမှသည် ဈေးကွက်သို့ ရောက်ရှိသည်အထိ အဆင့်တိုင်းတွင် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတိုင်းက မိမိတို့နိုင်ငံသူ နိုင်ငံသားများ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်ရာတွင်လည်း ကုန်စည်အမျိုးအမည်များအလိုက် စံချိန်စံညွှန်းများသတ်မှတ်၍ စံချိန်စံညွှန်းနှင့် ကိုက်ညီမှသာ ကုန်သွယ်မှုပြုလုပ်နိုင်သည့် အကန့်အသတ်များ ချမှတ်ထားကြသည်။ အဓိကအားဖြင့် အစားအစာအဖြစ် တင်သွင်းလာသော ကုန်စည်များမှတစ်ဆင့် နိုင်ငံအတွင်းရှိ လူ၊ တိရစ္ဆာန်နှင့်အပင်များသို့ ကပ်ရောဂါများ၊ အဆိပ်အတောက်များနှင့် ကူးစက်ရောဂါများ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ချမှတ်ထားခြင်းဖြစ်ပြီး ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကုန်ပစ္စည်းနမူနာနှင့်တကွ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း အထောက်အထားများ၊ အစားအစာ ဘေးကင်းလုံခြုံမှုဆိုင်ရာ စစ်ဆေးမှု သက်သေခံချက်များကိုပါ တင်သွင်းအစစ်ဆေးခံကြရခြင်းဖြစ်သည်။

စိုက်ပျိုးရေးထွက်ကုန်များ၊ ဥယျာဉ်ခြံထွက် သစ်သီးဝလံများအပါအဝင် အစားအစာအဖြစ် ပြည်ပသို့ တင်ပို့မည့် ကုန်ပစ္စည်းများကို စိုက်ပျိုးချိန်တွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည့် ဓာတုပစ္စည်းများ စနစ်တကျသုံးစွဲခြင်း၊ ရိတ်သိမ်းခူးဆွတ်ချိန်တွင် စနစ်တကျ ဖုန်၊ ခဲ၊ သဲ ကင်းစင်သန့်ရှင်းစွာ ကိုင်တွယ်ထုပ်ပိုးခြင်း၊ သိုလှောင်ရုံများတွင်လည်း ပိုးမွှား၊ ကြွက်၊ အစိုပျံ့မှုနှင့် မှိုအစရှိသည်တို့၏ အန္တရာယ်ကင်းဝေးအောင် စနစ်တကျ သိုလှောင်ခြင်း စသည်ဖြင့် အဆင့်တိုင်းတွင် ပါဝင်သူတိုင်းက သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုသည်။ မိမိတို့၏ တင်ပို့ကုန်များတွင် ဓာတုဗေဒ ဓာတ်ကြွင်းများ မြင့်မားစွာပါဝင်နေခြင်း၊ အစိုဓာတ်၊ မှိုဆိပ်နှင့် ရောဂါပိုးမွှားများ ပါဝင်နေခြင်း စသည့် အရည်အသွေးဆိုင်ရာ ပြဿနာတစ်စုံတစ်ရာ ပါရှိနေမည်ဆိုပါက ဈေးကွက်ကို လက်လွှတ်ဆုံးရှုံးကြရမည်ဖြစ်သည်။ ယခင်က ကုန်ပစ္စည်းအရည်အသွေးနှင့် စပ်လျဉ်း၍ တင်းတင်းကျပ်ကျပ် မရှိသော အိမ်နီးချင်းဈေးကွက်ကြီးဖြစ်သည့် တရုတ်နိုင်ငံသည်ပင် စံချိန်စံညွှန်းများ သတ်မှတ်လာပြီဖြစ်ရာ မိမိတို့၏ ကုန်စည်များ အဆင့်အတန်းမီ၊ စံချိန်စံညွှန်းကိုက်ညီရေးအတွက် တောင်သူများ၊ ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးထုတ်ကုန်များ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ကုန်များကို ဘေးကင်းလုံခြုံရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ဌာနဆိုင်ရာများက အသိပညာ၊ နည်းပညာပိုင်းကူညီပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များနှင့် အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် လုပ်သားများ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်းနှင့် အရည်အသွေးပြည့်မီ၊ စံချိန်ကိုက်ညီသည့် ကုန်စည်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှနိုင်မည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဝင်းနိုင်ဦး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးရဲညွန့် | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

## နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု/ပြည်နယ်) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ တင်ဒါအောင်ကုမ္ပဏီများအား အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



လွိုင်ကော် စက်တင်ဘာ ၁

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု/ပြည်နယ်) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါအောင် ကုမ္ပဏီများအား အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ကယားပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်က အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကုမ္ပဏီများက အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးသန့်ဇင်က တင်ဒါအောင်ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် အကြံပြုချက်များအား Power Point ဖြင့်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကုမ္ပဏီများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ကိုဇင်(လွိုင်ကော်)

## ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ကေ လျာထားချက်ပြည့်မီရေးအတွက် မျိုးစေ့နှင့် ပံ့ပိုးပစ္စည်းပေးအပ်

ကျောက်ဆည် စက်တင်ဘာ ၁

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ၂၀၂၂-၂၀၂၃ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ကေ လျာထားချက် ပြည့်မီရေးအတွက် မျိုးစေ့နှင့်ပံ့ပိုးပစ္စည်းပေးအပ်ပွဲကိုယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှတစ်စိတ်တစ်ပိုင်းအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် စီမံကိန်းသီးနှံများ လျာထားချက်ပြည့်မီရေးအတွက် ပံ့ပိုးရခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများကလည်း ယခုပံ့ပိုးသော ချည်မျှင်ရှည်ဝါ မျိုးကောင်း၊ မျိုးသန့်များကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က တိုင်းဒေသကြီးဦးစီးမှူး၏ ချည်မျှင်ရှည်ဝါ လျာထားချက်ပြည့်မီရေး၊ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ထုတ်လုပ်နိုင်ရေး၊ ဆောင်းနေကြာ လျာထားစိုက်ကေ ပြည့်မီရေး၊ ဆောင်းနေကြာမျိုးစေ့ထုတ်တောင်သူများ အရည်အသွေးပြည့်မီအောင် မျိုးထုတ်လုပ်နိုင်ရေး၊ တောင်သူအချင်းချင်းမျိုးဖလှယ်ရေးနှင့် မျိုးထိန်းသိမ်းထားနိုင်ရေးဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က သီးနှံမျိုးတစ်ဧက အထွက်နှုန်းတိုးတက်စေရန်နှင့် ဈေးကွက်ဝင်သည့် အရည်သွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များနှင့် ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် ဆက်လက်စိုက်ပျိုးမည့် တောင်သူများအား မျိုးပြန်ပေးစနစ်ဖြင့် ဌာနမှဖြန့်ဖြူးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တက်ရောက်လာသည့် တောင်သူများအား ချည်မျှင်ရှည်ဝါမျိုးစေ့နှင့် ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (ဓာတ်ပုံ)

မောင်ကျော်ကြီး

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

ယင်းနောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက်မှတ်တမ်းစာအုပ်၊ တပ်ပေါင်းစုနိုင်ငံရေးစာအုပ်၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

ခရီးဆုံးဘူတာဖြစ်သည့် ဆိုက်ခေါင်အထိ ပြေးဆွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းများ၊ သီးနှံများ ရထားကို အသုံးပြု၍ တောင်ကြီးမြို့ပေါ်အထိ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကနည်းသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ရထားပြန်လည်ပြေးဆွဲပေးခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားရေးလုပ်ငန်းများ ရထားပို့ဆောင်ရေးလုပ်ငန်းကြောင့် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက တောင်ကြီး–ဘန်းယဉ် ရထားပြန်လည် ပြေးဆွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က တောင်ကြီး – ဘန်းယဉ် ရထားလမ်းပိုင်းတွင် ပြေးဆွဲမည့် ရထားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့် ရထားစက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။ **(ယာပုံ)**




**ရပ်တန့်ပေးသွားမည်**

ရထားပြေးဆွဲရာတွင် အမှတ်(၁၅၃)အဆန် လူစီးကုန်တင်ရထားသည် တောင်ကြီးဘူတာမှ မွန်းလွဲ ၂ နာရီခွဲအချိန် ထွက်ခွာ၍ ဘန်းယဉ်ဘူတာသို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ အမှတ် (၁၅၄) အစုန် လူစီးကုန်တင်ရထားသည် ဘန်းယဉ်ဘူတာမှ နံနက် ၅ နာရီခွဲတွင် ထွက်ခွာ၍ တောင်ကြီးဘူတာသို့ နံနက် ၈ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး ဖာမွန်းဘူတာ၊ နောင်ကားဘူတာ၊ ဟမ်းဆီးဘူတာ ၊ ကက္ကူဘူတာနှင့် ဘန်းယဉ်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

---

# ရုရှားနိုင်ငံ၌ ကျင်းပသည့် International Army Games-2022 ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် International Army Games– 2022 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ/စစ်သည်၊ မိသားစုများက လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ **(ဝဲပုံ)**



အဆိုပါ International Army Games– 2022 ကို နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲ၊ တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games)များကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များသည် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–2)၌ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတွင် အဆင့် ၁ နေရာ၌လည်းကောင်း၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာတွင်လည်းကောင်း၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၇ သင်းအနက် အဆင့် ၄ နေရာတွင်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၇ သင်းအနက် အဆင့် ၇ နေရာတွင်လည်းကောင်း၊ Emergency Area ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ ၆ နိုင်ငံအနက် အဆင့် ၄ နေရာတွင်လည်းကောင်း၊ တတိယကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများအားကစားပြိုင်ပွဲ ( 3rd CISM World Cadet Games)တွင် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၂၀ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့် ၈ နေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာတပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မည်သို့ပင်အခက်အခဲရှိသည်ဖြစ်စေ သတင်းမှားများ တိုက်ဖျက်ရေးနှင့် သတင်းမှန်များထုတ်ပြန်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်စွာမင်းနှင့် အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး Mtube Video Sharing and Live Streaming Platform နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တုံ့ပြန်ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်ဆိုသည့် တာဝန် (၃) ရပ်ကို ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအား Channel များ တိုးချဲ့ထုတ်လွှင့်နေသကဲ့သို့ Online အသုံးပြု၍လည်း မီဒီယာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာသည် ကဏ္ဍတိုင်းတွင် လွန်စွာအရေးကြီးသဖြင့် စနစ်တကျအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ မိမိတို့၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းများအတွက် MRTV Application ကို ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း နည်းမျိုးစုံဖြင့် ဖြုတ်ချခံခဲ့ရသည့်အတွက် ပြည်သူများ၏ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖျက်ဆီးလျက်ရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မည်သို့ပင်အခက်အခဲရှိသည်ဖြစ်စေ သတင်းမှားများ တိုက်ဖျက်ရေးနှင့် သတင်းမှန်များ ထုတ်ပြန်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် Social Media Platform များပေါ်တွင် မိမိတို့ထုတ်ပြန်သည့် သတင်းများကို ကန့်သတ်ခြင်း၊ ဖြုတ်ချခြင်းစသည်ဖြင့် နည်းပညာအားကိုးကာ အနိုင်ကျင့်ဆောင်ရွက်လျက်ရှိသည်ကို ကြုံတွေ့နေရသည့်အတွက် Youtube ကဲ့သို့ အသုံးပြုနိုင်သော Mtube Live Streaming Platform တစ်ခုကို ယခုကဲ့သို့ တီထွင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ပြည်ပမီဒီယာများ၊ ကျင့်ဝတ်သိက္ခာမဲ့သော မီဒီယာများက သတင်းမှားများထုတ်ပြန်၍ ပြည်သူများအား မှိုင်းတိုက်ဆောင်ရွက်နေသဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သတင်းမှားများအပေါ် နည်းမျိုးစုံဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မည်သို့ပင် အခက်အခဲအတားအဆီးများ ကြုံတွေ့နေရသည်ဖြစ်စေ မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသားများအတွက် အသိပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ သတင်းပြန်ကြားခြင်းလုပ်ငန်းများကို အကောင်းဆုံးဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်စွာမင်းက Mtube Video Sharing and Live Streaming Platform နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

# လျှပ်စစ်ဆိုင်ရာပညာရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို အဓိကထားသင်ကြားပို့ချ




**နေပြည်တော် စက်တင်ဘာ ၁**

AMI စနစ်ကို Energy Meter , Server , Data Base နှင့် ဆက်သွယ်ရေးနည်းပညာပေါင်းစပ်ပြီး ခေတ်မီသည့် မီတာဖတ်ရှုမှုစနစ်၊ ဓာတ်အားကွပ်ကဲထိန်းသိမ်း/မောင်းနှင်စနစ်တို့ဖြင့် မိမိတို့ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်စေရေး၊ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး၊ Losses ကျဆင်းရေး၊ ဓာတ်အားဖြန့်ဖြူးသည့် Voltage တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများတည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်း ပြုပြင်ခြင်းသင်တန်းနှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိ (စက်/လျှပ်)၊ လက်ထောက်အင်ဂျင်နီယာ၊ လက်ထောက်မန်နေဂျာ (အင်/ယာ)၊ ဒု-ဦးစီးမှူး (စက်/လျှပ်)၊ အငယ်တန်းအင်ဂျင်နီယာ (၂) တို့ကို စာတွေ့/ လက်တွေ့၊ လေ့လာရေးခရီးစဉ်များနှင့် အတူ ငါးပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကာလတိုအတွင်း အရာအားလုံးပြည့်စုံစွာသိရှိနိုင်မည်မဟုတ်သော်လည်း လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် အဓိကလိုအပ်သည့် လျှပ်စစ်ဆိုင်ရာပညာရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို အဓိကထားသင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းမှ ထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းမှ ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ *ရှေ့ဖုံးမှ***

အဆိုပါ ထောပတ်သီးများကို ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် အသင်းရှိ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ ယင်းထောပတ်သီးကို နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် စတင်ခူးဆွတ်ပြီး ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ လာမည့်ထောပတ်ရာသီတွင် ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံဈေးကွက်များသို့ တွင်ကျယ်စွာရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

"ဈေးကွက်ဝင်ဖြစ်တဲ့ ထောပတ်သီးတွေကို ပြည်ပနိုင်ငံတွေကို လာမယ့် ထောပတ်ရာသီမှာ ရောင်းချနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အသီးမှည့်ချိန်လည်း မရောက်သေးပါဘူး။ လက်ရှိမှာ ရင်းနှီးမြှုပ်နှံတဲ့သူ တော်တော်များများ ထောပတ်စိုက်ပျိုးရေးနယ်ပယ်ထဲကို ခြေချလာတာ များပါတယ်။ အသစ်ဝင်ရောက်လာကြတာများတယ်။ ဧကငယ်တွေ ရင်းနှီးမြှုပ်နှံတာများပါတယ်။ ထောပတ်သီးကို ပြည်ပဈေးကွက်တွေထဲမှာ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ အလားအလာကောင်းများတော့ ရှိလာမှာပါ။ ဈေးကွက်ဝင် ဟက်စ်အမျိုးအစား ထောပတ်သီးတွေကိုလည်း တိုးချဲ့စိုက်ပျိုးနေတာတွေ ရှိပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ဧကများအနေဖြင့် ၂၀၀၀၀ ဝန်းကျင်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေမှာ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းသစ်များအား ဆေးဘက်ကျွမ်းကျင်ဆိုင်ရာ သင်တန်းများဖွင့်

**ပြည် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး ခန်းမဆောင်၌ ယနေ့နံနက်က ဆေးဘက်ကျွမ်းကျင်-၄(ဓာတ်မှန်/ဆေးစပ်) နှင့် စိစစ်ရေးမှူး-၄ (ဆေးမှတ်တမ်း)သင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦးနှင့် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်တို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ဒေါ်မေသူဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည် ခုတင်(၅၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သီတာစိုးက သင်တန်း စည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ ကြိုးစားလေ့လာသင်ယူကြရန် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းများ၌ ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ပေးထားသော သင်တန်းသား သင်တန်းသူ ဝန်ထမ်းသစ် ၂၆ ဦးတို့အား သက်ဆိုင်ရာ ကျွမ်းကျင်ကျန်းမာရေး ဆရာ ဆရာမများက ပြည် ခုတင်( ၅၀၀) ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁ ရက်မှ စတင်၍ သင်တန်းကာလ ခြောက်လကြာ ဘာသာရပ်အလိုက် ပညာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၁ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့်အောင်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၁**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ် မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကောင်းမွန်သည့်သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်လာစေရန် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရေးနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်ရှိမှုတို့သည် အဓိကလိုအပ်ချက်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၁**

ဖြတ်သန်းခဲ့သည့် နှစ်ကာလများတွင် ကြုံတွေ့ရသည့် အားနည်းချက်များကို ပြုပြင်၍ အားသာချက်များကို သုံးသပ်ဆင်ခြင်ပြီး "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဆောင်ပုဒ်နှင့်အညီ ဌာနအကျိုး၊ နိုင်ငံအကျိုးအတွက် ကျရာတာဝန်ကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြောကြားခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာန၏ (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉)၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ခေတ်အဆက်ဆက် နိုင်ငံတစ်ဝန်း ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးခြင်းလုပ်ငန်းနှင့် စီမံကိန်းကြီးများအတွက်လိုအပ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ရပ်ဖြစ်လာစေရန် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ စီးပွားရေးတွက်ခြေကိုက်မှုရှိရေး၊ ထိရောက်စွာ ကြီးကြပ်ရေး၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ရှိမှုတို့သည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအားလုံးကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ သမိုင်းအစဉ်အလာနှင့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းများတွင် ပထမဆုရရှိသူ ထူးချွန်ဝန်ထမ်းငါးဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူလေးဦးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆုချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ ဌာနအကြီးအမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာရွှေ့ပြောင်းလုပ်သားများ၏ မိသားစုလွှဲပို့ငွေများပေးပို့နိုင်ရေး ပုဂ္ဂလိကဘဏ်များ ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ပင်လုံခန်းမ၌ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်မည့် အလုပ်သမားများကို ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း) လိုင်စင်ရအေဂျင်စီများက စာချုပ် ချုပ်ဆိုပေးနေမှုနှင့် မိသားစုလွှဲပို့ငွေများ အဆင်ပြေချောမွေ့စွာပေးပို့နိုင်ရေး ပုဂ္ဂလိကဘဏ်များက ယနေ့တွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုကို အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက အလုပ်သမားများထံမှ ကောက်ခံရမည့် ဝန်ဆောင်စရိတ်နှုန်းထားကို သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံခြင်း မပြုရန်၊ ထိုင်းနိုင်ငံဘက်နှင့် မြန်မာနိုင်ငံဘက်မှ သတ်မှတ်ထားသည့် ဝန်ဆောင်စရိတ်ထက် ပိုမိုပေးဆောင်ရခြင်းမရှိရေး လိုင်စင်ရအေဂျင်စီများက အလေးထားဆောင်ရွက်ရန်နှင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အနေဖြင့် အခက်အခဲရှိပါက ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့် တိုင်ကြားမှုဌာနသို့ သတ်မှတ်ထားသည့် ဖုန်းနံပါတ်များဖြင့် ဆက်သွယ် တိုင်ကြားနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍လည်း ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသားများ အနေဖြင့် လိုင်စင်ရအေဂျင်စီများဖြင့် ချိတ်ဆက်ခြင်းမရှိဘဲ တရားမဝင် ပို့ဆောင်သူ/ ပွဲစားများနှင့် ချိတ်ဆက်၍ တရားမဝင် သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝ မရရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပြီး အခက်အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် MoU လုပ်ငန်းစဉ်အတိုင်း တရားဝင် သွားလာရန်လိုကြောင်း။

ပြည်ပသို့ တရားဝင် သွားရောက် လုပ်ကိုင်ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ပြီး လူကုန်ကူးခံရမှု မဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်နိုင်ငံများ၌ လွတ်လပ်စွာ သွားလာနိုင်ခြင်း၊ လုပ်ငန်းခွင်၌ စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်ခြင်း အကျိုးကျေးဇူးများ ခံစားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ပတွင် နေထိုင်စဉ် ရွှေ့ပြောင်း အလုပ်သမားများ ပြန်လည်ပေးပို့သည့် ဝင်ငွေသည် နိုင်ငံ့စီးပွားအတွက် များစွာ အထောက်အကူဖြစ်စေ၍ မိသားစုလွှဲပို့ငွေများ တရားဝင်လွှဲပို့နိုင်ရေး အေဂျင်စီများအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများကို ဆိုက်ရောက်နိုင်ငံရှိ ဗဟိုဘဏ်မှ ခွင့်ပြုပေးထားသော ပုဂ္ဂလိက မြန်မာနိုင်ငံသားဘဏ်များဖြင့် ချိတ်ဆက်ပေးပို့နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ အနေဖြင့် လက်ခံနိုင်ငံသို့ အလုပ်သမားများမထွက်ခွာမီ မြန်မာနိုင်ငံရှိ နိုင်ငံခြားငွေလွှဲပို့နိုင်မည့် ဘဏ်တစ်ခုခု၌ ဘဏ်စာရင်းဖွင့်လှစ်၍ အဆိုပါ ဘဏ်မှတစ်ဆင့် မိသားစုလွှဲပို့ငွေကို မြန်မာအလုပ်သမားမှ တရားဝင် လွှဲပို့နိုင်ရေးအတွက် အေဂျင်စီမှ ကူညီဆောင်ရွက်ပေးရန်နှင့် စည်းကမ်းချက်နှင့်အညီ စေတနာထား ဆောင်ရွက်ပေးရန် လိုကြောင်း။

ပြည်ပမှ ငွေလွှဲသည့် ဝန်ဆောင်မှုဆောင်ရွက်ခွင့် ရရှိထားသည့် ရွှေဘဏ်၊ ကမ္ဘောဇဘဏ်၊ United Amara ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ မိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်မှ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများအတွက် မိသားစုလွှဲပို့ငွေများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက် ပေးလျက်ရှိရာ ရွှေ့ပြောင်း အလုပ်သမားများ အနေဖြင့် ယုံကြည်စိတ်ချစွာ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ **(ဓါတ်ပုံ)**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ ပြန်လည်ပေးပို့သော မိသားစုလွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ ၂၆၄ သန်းကျော် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ကြပါစို့

မွေး (MA. Corruption and Governance, UK)

**ဆင်းရဲနွမ်းပါးမှုနှင့် အဂတိလိုက်စားမှု**

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals) ကို ပြည့်မီစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ ပထမဆုံးဆောင်ရွက်ရမည့်အချက်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကိုပါ ကမ္ဘာ့နိုင်ငံအသီးသီးမှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံမှ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည်လည်း မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်ဖြစ်ပေါ်ခြင်းမရှိသော်လည်း ကြီးမားသောဆိုးကျိုးသက်ရောက်မှုကို သွယ်ဝိုက်၍ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အဂတိလိုက်စားမှု၏ ဆက်စပ်မှုကို လေ့လာရာတွင် သုတေသနပညာရှင်တို့က–

**ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ–** တစ်ဦးချင်းဝင်ငွေနည်းပါးမှု၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျမှု၊ ထိခိုက်လွယ်သည့် လူတန်းစားအုပ်စုရာခိုင်နှုန်းများပြားခြင်း စသည့် အချက်များဖြင့် အကြမ်းဖျင်းသတ်မှတ်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုကို Gross National Income (GNI – တစ်ဦးကျဝင်ငွေ၊ Human Access Index (HAI – လူသားအရင်းအမြစ်ညွှန်းကိန်း)၊ Economic Vulnerable Index (EVI – စီးပွားရေးထိခိုက်နစ်နာလွယ်မှုညွှန်းကိန်း) စသည့်ညွှန်းကိန်းများဖြင့် တိုင်းတာသတ်မှတ်ပါသည်။

**အဂတိလိုက်စားမှုဆိုသည်မှာ–** ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို တွေ့ကြုံနေရပြီး အဂတိလိုက်စားမှုကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း အခြေခံအချက်မှာ ကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။ Transparency International က အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ‘ပုဂ္ဂလိက အကျိုးစီးပွားအလို့ငှာ ယုံကြည်စွာအပ်နှံထားသော လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း’ ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ United Nations Development Programme မှ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဖော်မြူလာတစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။

ဤဖော်မြူလာတွင် အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာကို တစ်ဦးတည်း ချုပ်ကိုင်မှုနှင့် တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်တို့ကြောင့် တာဝန်ယူ တာဝန်ခံမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ ပျောက်ကွယ်ဆုံးရှုံးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အဂတိလိုက်စားမှုတွင် အကြီးစားအဂတိလိုက်စားမှု၊ အသေးစားအဂတိလိုက်စားမှုအပြင် နိုင်ငံရေးဆိုင်ရာ အဂတိလိုက်စားမှုဖြစ်သည့် မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း၊ နိုင်ငံ၏မူဝါဒအပေါ် အုပ်ချုပ်သူတို့ အလိုရှိသကဲ့သို့ ခြယ်လှယ်ချုပ်ကိုင်ခြင်း၊ အခွင့်အာဏာရှိသူ၏ ဆွေမျိုး၊ မိတ်ဆွေကြီးပွားကောင်းစားရေးအတွက် ပြည်သူမှနှင်းအပ်ထားသော လုပ်ပိုင်ခွင့်အာဏာကို မလျော်မကန်အသုံးပြုခြင်း စသည့် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ပုံစံအမျိုးမျိုးဖြင့် တွေ့ရှိရပါသည်။

**အဂတိလိုက်စားမှု၏ စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် သက်ရောက်မှု**

အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် တစ်ခုအဖြစ်ပါဝင်သည်။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်မဖြစ်ပွားစေသော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စီးပွားရေးနှင့် အုပ်ချုပ်ရေးတွင် တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေသည်ဟု ပညာရှင်များက ထောက်ပြကြပါသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည့် နောက်ကွယ်မှ နှင်တံတစ်ခုအဖြစ် သွယ်ဝိုက်စွာ ရှိနေပါသည်။

> **❖ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် တစ်ခုအဖြစ်ပါဝင်သည်။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်မဖြစ်ပွားစေသော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စီးပွားရေးနှင့် အုပ်ချုပ်ရေးတွင် တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေသည်ဟု ပညာရှင်များက ထောက်ပြကြပါသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည့် နောက်ကွယ်မှနှင်တံတစ်ခုအဖြစ် သွယ်ဝိုက်စွာ ရှိနေပါသည်**

နိုင်ငံတကာမှ ပညာရှင်များက စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ နမူနာပုံစံ (Paradigm) နှစ်ခုဖြင့် ဖွင့်ဆိုကြပါသည်။

**စီးပွားရေးအပေါ်အဂတိလိုက်စားမှု၏ဆိုးကျိုးသက်ရောက်မှုနမူနာပုံစံ(Economic Paradigm)**

စီးပွားရေးကဏ္ဍတွင် အဂတိလိုက်စားမှုများမြင့်မားလာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများ ကျဆင်းလာပြီး ပြည်သူများ၏ ဝင်ငွေမညီမျှမှုများ မြင့်မားလာကာ နောက်ဆက်တွဲအနေဖြင့် ဆင်းရဲနွမ်းပါးသည့်နှုန်း မြင့်မားလာပေမည်။ ဥပမာ– အဂတိလိုက်စားမှုကို ထိန်းချုပ်ကိုင်တွယ်ခြင်းမပြုနိုင်သော တိုင်းပြည်တွင် ပြည်ပနိုင်ငံများမှ ထိရောက်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာခြင်း၊ စွန့်ဦးတီထွင်လိုသော လုပ်ငန်းငယ်လေးများက လာဘ်ပေးပြီး လုပ်ကိုင်ခွင့်နှင့် နေရာယူထားသော စီးပွားရေးလုပ်ငန်းများကို မယှဉ်ပြိုင်နိုင်ခြင်းတို့ကြောင့် စွန့်ဦးတီထွင်လိုစိတ်နည်းပါးသွားခြင်း၊ နောက်ဆုံးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ မရပ်တည်နိုင်ခြင်းကို ဖြစ်ပေါ်စေပါသည်။ လက်တင်အမေရိကတွင် ကောက်ယူသော အဂတိလိုက်စားမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စစ်တမ်းတစ်ခု၌ အဂတိလိုက်စားမှုလျှော့ချနိုင်ခြင်းဖြင့် ၎င်းနိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်အတွင်း ရှစ်ရာခိုင်နှုန်းခန့် တိုးတက်လာပါကြောင်း ၂၀၀၈ ခုနှစ်တွင် ကောက်ယူသော The world bank climate survey မှဖော်ပြထားပါသည်။

**အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနမူနာပုံစံ(Governance Paradigm)**

အုပ်ချုပ်ရေးအပေါ် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းပြီး ပညာရှင်တို့ ရေးဆွဲထားသော နမူနာပုံစံတွင် အဂတိလိုက်စားမှုမြင့်မားလာသောအခါ နိုင်ငံ၏အုပ်ချုပ်ရေး ယန္တရားနှင့် အုပ်ချုပ်မှုစွမ်းရည်မှာ ကျဆင်းသွားပါကြောင်း၊ ဤသို့ကျဆင်းသွားသောကြောင့် အစိုးရက ပြည်သူ့အတွက် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေးနှင့် အခြားသော ဝန်ဆောင်မှု၏ အရည်အသွေးများ နိမ့်ပါးကျဆင်းလာပါသည်။ ဥပမာ– အခွန်ကောက်ခံသည့်ကိစ္စတွင် အခွန်ရှောင်တိမ်းမှုများလာပါက အများပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးအတွက် သုံးစွဲရမည့် ဘတ်ဂျက်များသည် အခွန်ဘဏ္ဍာအပေါ်တွင် မှီခိုနေရသည့်အတွက် ရသင့်ရထိုက်သော အရည်အသွေးပြည့်ဝပြီး လုံလောက်သည့် ဝန်ဆောင်မှုမျိုး မရနိုင်တော့ပါ။ လမ်း တံတားနှင့် အများပြည်သူဆိုင်ရာ အဆောက်အဦဆောက်လုပ်ခြင်းစသည့် ကိစ္စရပ်တွင် အဂတိလိုက်စားမှုများရှိပါက အရည်အသွေးပြည့်မီသော အဆောက်အဦများ မရနိုင်တော့ပဲ အဆုံးတွင် အစိုးရ၏ဝန်ဆောင်မှုကို ရယူနေကြရသည့် ပြည်သူတို့၏ ဘဝအရည်အသွေးပါ နိမ့်ကျစေပါသည်။ ပြည်သူတို့အနေဖြင့်လည်း အများပြည်သူဆိုင်ရာ အခမဲ့ရယူနိုင်သည့် ဝန်ဆောင်မှုကဏ္ဍ အသီးသီးတို့တွင် လာဘ်လာဘများပေးရန် ကျခံသုံးစွဲနေရကြောင်း တွေ့ရပါသည်။

အဂတိလိုက်စားမှုကြောင့် ပြည်သူလူထုအကြား ဝင်ငွေမညီမျှမှုကို ဖြစ်ပေါ်လာစေပြီး လူတန်းစားကွာဟမှုကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲချမ်းသာကွာဟမှုကြီးမားသော နိုင်ငံများတွင် လူတိုင်းအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးပြီး လူတန်းစားကွာဟချက် ကြီးမားလာကာ မလိုလားအပ်သော ပြစ်မှု(မှုခင်းများ)၊ အဓိကရုဏ်းများနှင့် ပြည်သူတစ်ဦးချင်းစီ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ ရရှိစေပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းသုံးသွယ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် သီအိုရီများ၊ နည်းလမ်းများနှင့် နမူနာပုံစံများ အမျိုးမျိုးထွက်ရှိခဲ့သော်လည်း အဓိကသီအိုရီသုံးခုမှာ– Principal – Agent theory၊ Collective approach theory ၊ Institutionalism theory တို့ဖြစ်သည်။

**Principal–Agent Theory –** ဤသီအိုရီတွင် အုပ်ချုပ်သူများသည် အစိုးရယန္တရားကို လည်ပတ်ပေးသည့် အစိုးရဝန်ထမ်းများ၏ ဆောင်ရွက်ချက်များ၊ လုပ်ငန်းတာဝန်နှင့်ပတ်သက်သည့် အသေးစိတ်ကိစ္စရပ်များနှင့် သတင်းအချက်အလက်များကို အလုံးစုံမသိရှိနိုင်သောကြောင့် အစိုးရယန္တရားတွင် ဝန်ဆောင်မှုပေးခြင်း/ရယူခြင်းလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ရသော အကျင့်ပျက်သည့် ဝန်ထမ်းများက လက်တစ်လုံးခြား အဂတိလိုက်စားနေကြသည်။ ထိုသို့ အကျင့်ပျက်သည့် ဝန်ထမ်းများအား တိုင်ကြားသူရှိပါက ဥပဒေဖြင့် အရေးယူခြင်းပုံစံမျိုးဖြစ်သည်။ ၎င်းသီအိုရီကို အခြေခံ၍ ၁၉၈၀ ပြည့်လွန်နှစ်များ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သော်လည်း တိုင်ကြားသူရှိမှု၊ သက်သေခိုင်လုံမှသာ ဖမ်းဆီးအရေးယူနိုင်သောအားနည်းချက်များကြောင့် ၎င်းသီအိုရီထက် ပိုမိုသင့်လျော်မည့် Collective Approach Theory အား ဖော်ထုတ်ခဲ့ကြသည်။

**Collective Approach Theory –** ဤသီအိုရီတွင် အုပ်ချုပ်သူအစိုးရ၊ နိုင်ငံ့ယန္တရားကို မောင်းနှင်လည်ပတ်ပေးသူ ပြည်သူ့ဝန်ထမ်းနှင့် ပြည်သူလူထုတစ်ရပ်လုံးသည် အဂတိလိုက်စားမှု၏ ဆိုးကျိုးကို နားလည်သဘောပေါက်ကြပြီး စုပေါင်းတိုက်ဖျက်ရန် ရည်ရွယ်ထားသည့် သီအိုရီဖြစ်ပါသည်။ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရလက်တွဲပြီးစုပေါင်းကာ အဂတိတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို ပြုလုပ်ရန် အဆိုပြုသည့် Collective Approach Theory အား ဆယ်စုနှစ်နှစ်ခုနီးပါး တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြပါသည်။ သို့သော် လူထုတစ်ရပ်လုံးသည် စုပေါင်းပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်လိုသည့် ဆန္ဒရှိကြသော်လည်း လူ့သဘောသဘာဝအရ ကိုယ်ကျိုးစီးပွားအတွက် ရှေ့တန်းတင်ကြသည့်အခါ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားအလွှာအသီးသီးရှိ လာဘ်ပေးလိုသူ၊ လာဘ်ယူလိုသူတို့သည် စုပေါင်းမိ၍ ဟန်ချက်ညီညီ အုပ်စုဖွဲ့ပြီး အဂတိလိုက်စားမှုကို ကျူးလွန်သည့် (Collective Action Problem) ပြဿနာတစ်ရပ် ဖြစ်ပေါ်လာတော့သည်။ နောက်ပိုင်းတွင် ၎င်းသီအိုရီထက် ပိုမိုအားကောင်းသည့် Institutionalism theory ကို ဖော်ထုတ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် အသုံးပြုလာပါသည်။


**Institutionalism theory –** ဤသီအိုရီတွင် အစိုးရ၏ ယန္တရားရှိ စနစ်တစ်ခုလုံးကို ခိုင်မာအောင် ဂယ်ပေါက်မရှိစေရေးအတွက် ဌာနအသီးသီးတွင် လုပ်ထုံးလုပ်နည်းများ၊ တိကျသော စံသတ်မှတ်ချက်နှင့် ညွှန်းကိန်းများ၊၊ E–government system များ၊ တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်လျော်ညီသော လုပ်ထုံးလုပ်နည်းများဖြစ်အောင် ဆောင်ရွက်နိုင်ရေးနှင့် အစိုးရယန္တရားတစ်ခုလုံး အားကောင်းခိုင်မာမှသာလျှင် အဂတိလိုက်စားမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည့် သီအိုရီဖြစ်ပါသည်။ ၎င်းသီအိုရီအား ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းသော ဒီမိုကရေစီနိုင်ငံများတွင် အသုံးပြုလျက်ရှိပါသည်။


*စာမျက်နှာ ၇ သို့*

# မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် (၂၀၀ ကျပ်တန်)အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးရောင်းချမည်

နေပြည်တော် စက်တင်ဘာ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက် လုပ်ငန်းမှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်၌ ရုရှားနိုင်ငံတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေး ဖိုရမ်အတွက် မြန်မာ - ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေး အထိမ်းအမှတ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးအား **၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တော်သလင်းလဆန်း (၁၁)ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော် ဇဗ္ဗုသီရိစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး







စာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဇဗ္ဗုသီရိစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၂ ခုနှစ် **စက်တင်ဘာ ၅ ရက်တွင်** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောင်းနေကြာသီးနှံ လျာထားဧရိယာ ဧက ၁၂၀၀၀၀ ကျော် အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်

နေပြည်တော် စက်တင်ဘာ ၁

**နိုင်ငံတော်အစိုးရက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ စိုက်ဧရိယာဧက ၁ ဒသမ ၅ သန်း စိုက်ပျိုးရန်လမ်းညွှန်ချက်အရ မိုးနေကြာ ဧက ၂၇၀၀၀၀ ကျော် စိုက်ပျိုးရမည်ဖြစ်ကြောင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားခဲ့သည်။** (အောက်ယာပုံ)

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က မိုးရာသီနေကြာသီးနှံစိုက်ပျိုးရန် လက်ကျန်ကာလ (၁) လအတွင်း လျာထားကေပြည့်မီရေးအတွက် တွန်းအားပေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ ဆောင်းနေကြာသီးနှံ လျာထားဧရိယာ ဧက ၁၂၀၀၀၀ ကျော်ကိုလည်း သတ်မှတ်ရာသီချိန်အတွင်း အောင်မြင်စွာစိုက်ပျိုးနိုင်ရေးကို ယခုကတည်းက ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီအသီးသီး အနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးစရိတ်၊ မျိုး၊ သွင်းအားစုများအတွက် အကြိုလုပ်ငန်းများ ပြင်ဆင်ထားရှိရေးနှင့် ဒေသအသီးသီးရှိကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့နှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ မိုးရာသီနေကြာသီးနှံ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း၊ ဆောင်းရာသီ စိုက်ပျိုးနိုင်ရေးအတွက် ဌာနပိုင်ခြံ၊ စိုက်ကွင်းများတွင် နေကြာမျိုးစေ့ ထုတ်လုပ်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေကြာမျိုးစေ့ထုတ်လုပ်နေမှုနှင့် မျိုးစေ့လိုအပ်ချက်အပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ မိုးနေကြာမျိုးစေ့ထုတ်ကေအတွက် ဓာတ်မြေဩဇာ ပံ့ပိုးပေးနိုင်မှုနှင့် ဆောင်းနေကြာအတွက် ဓာတ်မြေဩဇာ လိုအပ်ချက်များကို လည်းကောင်း၊ အခြားဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေဘဲ ဆောင်းနေကြာ စိုက်ပျိုးရေး လျာထားချက်ပြည့်မီရေး စီမံဆောင်ရွက်ထားချက်များ၊ ဆည်ရေသောက်မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေလုပ်ငန်း စသည့် ရေရရှိရေး နည်းလမ်းအလိုက် ဆောင်းနေကြာ စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





*စာမျက်နှာ ၆ မှ*

### မြန်မာနိုင်ငံ၏အဂတိလိုက်စားမှု တိုက်ဖျက်ရေးပုံစံ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းခဲ့ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့် ၁၇-၉-၂၀၁၃ မှ စတင်ကာ အာဏာတည်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပညာပေးရေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များ ချမှတ်ခြင်း၊ ကော်မရှင်တွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ရေးဆွဲထုတ်ပြန်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြင်ဆင်ခြင်းနှင့် နည်းဥပဒေများရေးဆွဲခြင်း၊ တိုင်ကြားစာများအား စနစ်တကျကိုင်တွယ်ခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units) ဖွဲ့စည်းပြီး ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့များတွင် ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကော်မရှင်၏ ပထမသက်တမ်းမှ ယခု တတိယသက်တမ်းအထိ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်းကို မြင်တွေ့ရပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှစတင်ကာ ယနေ့အထိ အစိုးရယန္တရား ခိုင်မာအားကောင်းစေရေးအတွက်လည်း ဝန်ကြီးဌာနအသီးသီးတွင် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ ပြင်ဆင်ပြောင်းလဲပြီး ပြည်ထောင်စုဝန်ကြီးဌာနအလိုက် မဟာဗျူဟာအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ရမည်ဆိုလျှင် ကမ္ဘာ့နိုင်ငံများတွင် အသုံးများသည့် စုပေါင်းတိုက်ဖျက်ရေး နည်းလမ်းသီအိုရီ (Collective Approach Theory) သာမက အစိုးရယန္တရားရှိ ဌာနအသီးသီးတွင် ဂယ်ပေါက်မရှိစေရေး အားကောင်းခိုင်မာစေရေး၊ အဂတိလိုက်စားမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုးပမ်းနေကြောင်း တွေ့ရှိရသောကြောင့် (Institutionalism Theory) ကိုပါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း တွေ့ရှိရပါသည်။

> “Principal-Agent Theory - **ဤသီအိုရီတွင် အုပ်ချုပ်သူများသည် အစိုးရယန္တရားကို လည်ပတ်ပေးသည့် အစိုးရဝန်ထမ်းများ၏ ဆောင်ရွက်ချက်များ၊ လုပ်ငန်းတာဝန်နှင့် ပတ်သက်သည့် အသေးစိတ်ကိစ္စရပ်များနှင့် သတင်းအချက်အလက်များကို အလုံးစုံမသိရှိနိုင်သောကြောင့် အစိုးရယန္တရားတွင် ဝန်ဆောင်မှုပေးခြင်း / ရယူခြင်းလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ရသော အကျင့်ပျက်သည့် ဝန်ထမ်းများက လက်တစ်လုံးခြား အဂတိလိုက်စားနေကြသည်။ ထိုသို့ အကျင့်ပျက်သည့်ဝန်ထမ်းများအား တိုင်ကြားသူရှိပါက ဥပဒေဖြင့်အရေးယူခြင်း ပုံစံမျိုးဖြစ်သည်။ ၎င်းသီအိုရီကိုအခြေခံ၍ ၁၉၈၀ ပြည့်လွန်နှစ်များ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သော်လည်း တိုင်ကြားသူရှိမှ၊ သက်သေခိုင်လုံမှသာ ဖမ်းဆီးအရေးယူနိုင်သော အားနည်းချက်များကြောင့် ၎င်းသီအိုရီထက် ပိုမိုသင့်လျော်မည့်** Collective Approach Theory **အား ဖော်ထုတ်ခဲ့ကြသည်**”

#### နိဂုံး

စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အုပ်ချုပ်ရေးစနစ်ကောင်းမွန်မှသာ ဆင်းရဲနွမ်းပါးမှုပပျောက်မည်ဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုကို သွယ်ဝိုက်ပြီး ဆိုးကျိုးသက်ရောက်စေသော အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရေးနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေအန္တရာယ်မြင့်မားသော ဌာနအသီးသီးရှိ ဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရေးသည် အလွန်အရေးကြီးလှပေသည်။ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တစ်ခုကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများကို အဟန့်အတားဖြစ်စေပြီး ဆင်းရဲနွမ်းပါးမှုကို သွယ်ဝိုက်ဖြစ်စေသည့် အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်မှသာ နိုင်ငံသားတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာနိုင်မည်ဖြစ်သဖြင့် **“အဂတိပယ်ခွာ၊ ပြည်သာယာဖို့ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့”** ဟု တိုက်တွန်းလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား –**

1. Corruption and Poverty
2. Corruption and Development
3. Why Corruption is matter: understanding causes, effects and how to address them
4. Why Anti– Corruption Reform Fails

# မွန်ပြည်နယ် အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁**

မွန်ပြည်နယ် အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင် တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်နှင့် မော်လမြိုင် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်မြတ်ကျော်စိန် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မော်လမြိုင်တက္ကသိုလ် ပါမောက္ခ ချုပ်ဒေါက်တာ အောင်မြတ်ကျော် စိန်က တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုအနုပညာ အမွေအနှစ် များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက် ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲများ တွင် ဝင်ရောက်ယှဉ်ပြိုင်စေခြင်း ဖြင့် ပြည်နယ်ဂုဏ်ဆောင်နိုင်ရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီမှ ကျောင်းသား ကျောင်းသူများက "ရှုမငြီးဖွယ် ကကြိုး (၁၂) သွယ်" ယိမ်းအက ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်း သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေး၊ ခေတ်ဟောင်း နှင့် ကာလပေါ်တေးတို့ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာ အဆင့်) ဇာတိဂုဏ်မြှင့်တင်ရေး တေး အဆိုပြိုင်ပွဲတွင် (အမျိုး သား) သုံးဦးနှင့် (အမျိုးသမီး) ရှစ်ဦး၊ ခေတ်ဟောင်းနှင့် ကာလ ပေါ်တေး အဆိုပြိုင်ပွဲတွင် (အမျိုး သား) နှစ်ဦးနှင့် (အမျိုးသမီး) လေးဦးတို့ ပါဝင်ယှဉ်ပြိုင်သွား ကြမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၁

**၂၀၂၂ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက် ညနေပိုင်းက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပသည်။**

ဦးစွာ ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်း တို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ တောင်ငူ ခရိုင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲ သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ ပွဲစဉ်တစ်လျှောက် ဂိုးသမား၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် အကောင်းဆုံး ဘောလုံး သမားဆုရရှိကြသော အားကစားသမားများကို တိုင်း ဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ဆုတံဆိပ် နှင့် ငွေသားဆု တစ်သိန်းစီ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသော ပဲခူးခရိုင် အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ခုနစ် သိန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်းက ပွဲစဉ်တစ်လျှောက် ကူညီ ဆောင်ရွက်ပေးကြသည့် ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုငွေကျပ် သုံးသိန်း၊ ကြက်ခြေနီတပ်ဖွဲ့အတွက် ချီးမြှင့်ငွေကျပ် တစ်သိန်းငါးသောင်းနှင့် ပထမဆု ရရှိသော တောင်ငူခရိုင်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ပထမဆု ဖလားနှင့် ငွေသားဆု ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ကြသည်။




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင် ပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲကို ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံး အားကစားကွင်း၌ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် ကိုယ်စားပြု အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကစား ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ် - ရန်ကုန် ခရီးသည်တင်အဝေးပြေးယာဉ်လိုင်းများ အတက်ခရီးထက် အဆင်းခရီးသည် ပိုများပြားနေ

**မြိတ် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်လိုင်းများ ရန်ကုန်အတက် ခရီးသည်များ ထက် မြိတ်မြို့အဆင်း ခရီးသည် စီးနင်းမှု များပြားနေကြောင်း ယာဉ်လိုင်း လုပ်ကိုင်သူများထံမှ သိရသည်။

အဝေးပြေး ခရီးသည်တင် ယာဉ်လိုင်းများ ပြေးဆွဲရာတွင် မြိတ်-ရန်ကုန် ခရီးသည်တစ်ဦး လျှင် ငွေကျပ် ၄၀၀၀၀ ၊ မြိတ်-ကော့သောင်း ခရီးသည်တစ်ဦး လျှင် ငွေကျပ် ၄၀၀၀၀ ၊ဘုတ်ပြင်း မြို့နယ်သို့ ခရီးသည်တစ်ဦး လျှင် ငွေကျပ် ၂၅၀၀၀ ၊ မြိတ်-မောတောင်သို့ ခရီးသည်တစ်ဦး လျှင်ငွေကျပ် ၂၅၀၀၀ ဖြင့် ပြေးဆွဲ ပေးကြောင်း မြိတ်ခရိုင် ပုဂ္ဂလိက မော်တော်ယာဉ်များပြေးဆွဲရေး လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။



"ယခုကာလမှာ ယာဉ်လိုင်း တွေအားလုံး အရှုံးပေါ်နေပါတယ်။ နိုင်ငံတော်အစိုးရက ဈေးနှုန်း သက်သက်သာသာနဲ့ လောင်စာဆီ ကို ရောင်းချပေးဖို့ လိုအပ်နေ ပါတယ်။ ယာဉ်လိုင်းအခက်အခဲ တွေကို ဇွန်လထဲမှာ တင်ပြထား ပါတယ်။ နောက်ပြီး အရစ်ကျ ဝယ်ယူထားတဲ့ ကားတွေကိုလည်း ကုမ္ပဏီကနေပြီးတော့ ခေတ္တ ဆိုင်းငံ့ပေးစေလိုပါတယ်။ လက်ရှိ မှာတော့ ခရီးသည်တွေ အဆင်ပြေ စွာ သွားလာနိုင်ရေအတွက် အရှုံးခံ ပြီး ပြေးဆွဲပေးနေပါတယ်"ဟု ပုဂ္ဂလိက မော်တော်ယာဉ်များ ပြေးဆွဲရေး လုပ်ငန်းကော်မတီမှ တာ ဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကာလတွင် လောင်စာဆီ ဈေးနှုန်းများ ကြီးမြင့်နေသည့် အတွက် ရန်ကုန်- မြိတ် ခရီးစဉ် အသွားအပြန် တစ်ခေါက်ကို ငွေကျပ် ၁၅ သိန်းခန့် အရှုံးပေါ် နေကြောင်း သိရသည်။

"မြိတ်-ရန်ကုန် ခရီးသည် စီးနင်းမှုအနေနဲ့က မြိတ်-ရန်ကုန် အတက်မှာ ခရီးသည်စီးနင်းမှု နည်းပါးပါတယ်။ ရန်ကုန်-မြိတ် အဆင်းမှာတော့ ခရီးသည်စီးနင်း သူ အထိုက်အလျောက် များပြား ပါတယ်။ ယာဉ်လိုင်းတွေအနေနဲ့ ကတော့ မြိတ်-ရန်ကုန် အတက် မှာ စီးနင်းသူ ခုနစ်ဦးလောက် ရှိသလို တစ်ခါတလေမှာ ခရီး သည် နှစ်ဦးလောက်နဲ့ သွားနေရ ပါတယ်။ ရန်ကုန်-မြိတ် အဆင်း ယာဉ်လိုင်းတွေကတော့ အထိုက် အလျောက်တော့ စီးနင်းသူ များပါတယ်"ဟု ခရီးသည်တင် ယာဉ်လိုင်း ပြေးဆွဲသူများက ပြောသည်။

မြိတ်မြို့နယ်တွင် မြိတ်အခြေ စိုက် ပြေးဆွဲနေသော မှန်လုံယာဉ် လိုင်း ၂၅ လိုင်းနှင့် ပြင်ပမှ ပြေးဆွဲ နေသည့် ယာဉ်လိုင်း ၂၈ လိုင်း စုစုပေါင်း မှန်လုံကားကြီး ၅၃ လိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး တိုင်းအတွင်း ပြေးဆွဲနေသည့် မှန်လုံယာဉ်လိုင်း ၃၀ ခန့်ဖြင့် တနင်္သာရီ၊ ပုလော၊ ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ် များသို့ ပြေးဆွဲပေးနေကြောင်း နှင့် ကုန်ကားလိုင်းများအနေဖြင့် အသင်း ၂၀ ရှိပြီး ရန်ကုန်မှ မြိတ် မြို့သို့ ခရီးအကွာအဝေးမိုင် ၅၅၀ ကွာဝေးကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မင်္ဂလာဒုံမြို့နယ် ဘာလားချောင်း သဘာဝရေပြင်အတွင်း ငါးကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၏ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရန်နှင့် ငါးရိက္ခာဖူလုံစေရန်တို့ အတွက် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက် ဘာလားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများနှင့် စခန်းဝန်ထမ်းများတက်ရောက်ပြီး လှော်ကားငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၁၀ သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်းကျေးရွာအတွင်းရှိ ရတနာရွှေဆိုင် နှစ်ဆိုင်မှ ခန့်မှန်းငွေကျပ်သိန်း ၆၂၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်






**နေပြည်တော် စက်တင်ဘာ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်း ကျေးရွာအတွင်းသို့ ဩဂုတ် ၃၁ ရက်တွင် အကြမ်းဖက်သမားများက သေနတ်များ ပစ်ဖောက် ဝင်ရောက်လာပြီး ၎င်းကျေးရွာအတွင်းရှိ ရတနာရွှေဆိုင် နှစ်ဆိုင်မှ ခန့်မှန်းငွေကျပ်သိန်း ၆၂၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ မြို့မရပ်ကွက်ရှိ ရွှေဂွန်း-လက်ပံတန်း ကူးတို့ဆိပ်သို့ စက်လှေနှစ်စင်း ဆိုက်ကပ်လာပြီး ၎င်းစက်လှေနှစ်စင်းပေါ်မှ အကြမ်းဖက်သမား ရှစ်ဦးဆင်းလာကာ တစ်ဦးမှ ကူးတို့ဆိပ်တွင် စောင့်နေခဲ့ပြီး ကျန် ခုနစ်ဦးမှ မြို့မရပ်ကွက်အတွင်းသို့ သေနတ်များ ပစ်ဖောက်ကာ ဝင်ရောက်၍ ကူးတို့ဆိပ်အနီးတွင် ဖွင့်လှစ်ထားသည့် ဦးအောင်သန်းထွန်း (၄၄)နှစ် (ဘ) ဦးထွန်းထွန်း ပိုင်ဆိုင်သည့် "သရဖူ" အာမခံ ရတနာရွှေဆိုင်မှ ရောင်းချမည့် ရွှေထည်ပစ္စည်းများ ခင်းကျင်းပြသထားသည့် မှန်ကောင်တာ နှစ်ခုနှင့် ဦးဝေသန့်ဇင် (၅၁)နှစ် (ဘ) ဦးသိန်းလွင် ပိုင်ဆိုင်သည့် "ထွန်း" ရတနာရွှေဆိုင်မှ မှန်ကောင်တာ သုံးခုတို့ကို အကြမ်းဖက် သမားများက သေနတ်ဒင်များဖြင့် ရိုက်ခွဲဖျက်ဆီးကာ "သရဖူ" အာမခံ ရတနာရွှေဆိုင်မှ ရွှေလက်စွပ် အကွင်း ၁၀၀၊ ရွှေလက်ကောက် အကွင်း ၂၀၊ ရွှေဆံညှပ် လေးခု ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၆၀၀ ခန့်နှင့် "ထွန်း" ရတနာရွှေဆိုင်မှ ရွှေနားကပ် ၁၀ ရံ ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၂၀ ခန့်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၆၂၀ ခန့်အား လုယက်ယူဆောင်ကာ လက်ပံတန်း ကျေးရွာဘက်သို့ စက်လှေဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ ကျေးရွာအတွင်း သေနတ်ပစ်ဖောက် ဝင်ရောက်ကာ လုယက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❂ *ကျော့ဖုံးမှ*

သုံးဂိုး-နှစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ် လှမွန်၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးသင့်မြတ်သူ၊ ဒေါက်တာကျော်မိုးဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

**အားကာမောင်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

● *ကျော့ဖုံးမှ*

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

AFF Cup 2022 ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆၊ ၇ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၉၊ ၁၀ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၃ ရရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ၂၀၂၀ ပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် စင်ကာပူအသင်းတို့နှင့် ပြန်လည်ကျရောက်လျက်ရှိသည်။ ယခင်ပြိုင်ပွဲများတွင် နောက်ဆုံးတွေ့ဆုံမှုအရ မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲ အုပ်စုအဆင့်တွင် လာအိုအသင်းကိုနိုင်၊ ဗီယက်နမ်နှင့် သရေကျကာ မလေးရှားအသင်းကို အရေးနိမ့်ခဲ့သည်။ စင်ကာပူအသင်းနှင့် ၂၀၂၀ ပြိုင်ပွဲ အုပ်စုအဆင့်တွေ့ဆုံရာတွင် အရေးနိမ့်ထားသည်။ ထို့ကြောင့် မြန်မာအင်းသည် ယခုနှစ်တွင် အုပ်စုအဆင့်ကျော်လွှန်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ရေပန်းစားနေသည့်အသင်းများအနက် ဗီယက်နမ်၊ စင်ကာပူတို့နှင့် ပွဲများကို အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။

**သတင်း-ရဲရင့်လွင်၊ဓာတ်ပုံ-AFF**

❍ *ကျော့ဖုံးမှ*

အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

### သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်

ဖြစ်စဉ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားမဝင် ကူးသန်းသွားလာမှုများ၊ မူးယစ်ဆေးဝါးနှင့် မှောင်ခိုပစ္စည်းများ သယ်ယူဖြတ်သန်းခြင်းများ မရှိစေရေးနှင့် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မြန်မာနိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့များက နေ့၊ ညမပျက် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် AA အဖွဲ့များအနေဖြင့် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့် မှောင်ခိုပစ္စည်းများအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ရန်နှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားစေရန် ရည်ရွယ်၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့များအား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်းများ ဆောင်ရွက်လာခဲ့ပြီး ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် ဘီပီ- ၄၀ ရှိ အင်အားအနည်းငယ်သာရှိသော နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့များအနေဖြင့် ရဲဝံ့စွန့်စားစွာ ခုခံတိုက်ခိုက်ခဲ့သော်လည်း AA အဖွဲ့၏ မတန်တဆများပြားသော အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ရယူတိုက်ခိုက်ခဲ့ခြင်းကြောင့် စခန်းအား လက်လွှတ်ဆုံးရှုံးခဲ့ရကာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးခဲ့ရသည်။ အဆိုပါစခန်းကို ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကူ၊ ပစ်ကူရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

### ပြည်သူများ စိုးရိမ်ထိတ်လန့်

နိုင်ငံတော် အစိုးရအနေဖြင့် ထာဝရ ငြိမ်းချမ်းရေးရရှိရန် အဘက်ဘက်မှ ကြိုးပမ်းနေစဉ်ကာလအတွင်း AA အဖွဲ့သည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအား ယခုကဲ့သို့ ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်လာမှုနှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားကာ ရရှိထားသော တည်ငြိမ်အေးချမ်းမှု ထိခိုက်ပျက်ပြားမည်ကို စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင် အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာပြပုံ**



# မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမအမွေ စောင့်ထိန်းကြစို့လေ

*ဘကြီးကောင်း*

မောင်မြင့်အေးရေ ...

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က ခံ့ညားထည်ဝါစွာ မကြာမီ ပြန်လည်ကျင်းပတော့မယ်။ ဇာတ်သဘင်ပြိုင်ပွဲမှာ ရာမာယဏ ဇာတ်တော်ကြီးကိုလည်း ထည့်သွင်းယှဉ်ပြိုင်သွားဦးမယ်တဲ့။ ဘကြီးကောင်းကတော့ တောမှာမွေး၊ တောမှာပဲကြီးပြင်းလာခဲ့တော့ ဇာတ်တို့၊ အငြိမ့်တို့ကို ကြိုက်သကွဲ့။

ရှေးကတော့ အမြင့်သဘင်(ရုပ်သေး)၊ အနိမ့်သဘင်(မြေဝိုင်းဇာတ်)နဲ့ အငြိမ့်သဘင်တို့ကို သဘင်သုံးရပ်ရယ်လို့ဆိုကြတယ်။ အမြင့်သဘင်(ရုပ်သေး) က ရှေးရှေးကတည်းက ထီးသုံးနန်းသုံးဖြစ်ခဲ့လို့ အောင်မြင်ကျော်ကြားခဲ့ပြီး အနိမ့်သဘင်ခေါ် မြေဝိုင်းဇာတ်ကတော့ ဦးစိန်ကတုံး၊ ဦးဖိုးစိန်တို့ခေတ်ကျမှသာ ထင်ရှားကျော်ကြားလာခဲ့တယ်လို့ ပညာရှင်များက ဆိုကြတယ်။ အငြိမ့်သဘင်ကတော့ သက်တမ်းအားဖြင့် နှစ်ပေါင်းတစ်ရာကျော်ခန့်သာရှိပြီး မန္တလေးက စသလိုလို၊ မော်လမြိုင်က စသလိုလို ဆိုကြတယ်။

**အငြိမ့်တွေဆို ပရိသတ်က သဘောကျနှစ်ခြိုက်**

အငြိမ့်နဲ့ဇာတ်ကွဲပြားမှုကတော့ ဇာတ်သဘင်မှာ အပျိုတော်ခန်း၊ သစ္စာထားခန်း၊ တိုင်းပြည်တည်ခန်းကအစပြုပြီး ဇာတ်ထုပ်ခင်းကြတယ်။ အငြိမ့်သဘင်မှာတော့ ဖော်ပြပါ အခန်းတွေမပါဘူး။ အငြိမ့်ကိုကြည့်ရင် အဆိုကောင်း၊ အပြောကောင်း၊ အကကောင်းနဲ့ ရယ်ရွှင်ဖွယ်ရာတွေကို ခံစားကြရမယ်။ လူပြက်(လူရွှင်တော်)ကောင်းတဲ့ အငြိမ့်၊ အဆို (အသံ)ကောင်းတဲ့အငြိမ့်၊ အကကောင်းတဲ့ အငြိမ့်တွေဆို ပရိသတ်က သဘောကျနှစ်ခြိုက်ကြတယ်။

ရှေးခေတ်မင်းသမီးတွေက ကကြိုးစုံအောင် ကတတ်ကြတယ်။ အငြိမ့်မင်းသမီးဟူက ရည်းစားမျှော်တတ်ရတယ်။ ရည်းစားမျှော်အဆို၊ အကဆိုတာ အငြိမ့်မင်းသမီးရဲ့ အရည်အချင်းရှိ၊ မရှိ ပညာပြခန်းပဲ။ ရှေးခေတ်အငြိမ့်မင်းသမီးကြီးတွေထဲမှာ ယုနီဗာစတီ မြသန်းကြည်၊ လေဘာတီမမြင့်ရင်တို့ နာမည်ကျော်ကြတယ်။

လူပြက်(လူရွှင်တော်)ဆိုလည်း အဋ္ဌရသ ၁၈ ရပ်ပါ ဣတိဟာသလို့ဆိုတဲ့ ရယ်ရွှင်ဖွယ် အတတ်ပညာ ဝမ်းစာပြည့်ဝကြတယ်။ အငြိမ့်လူပြက်(လူရွှင်တော်) ကောင်းရင် အငြိမ့်မင်းသမီးထက်တောင် ထင်ရှားတယ်။ ရှေးခေတ်ကဆို ဦးကျင်ခဲ၊ ခတ်ဆီ၊ ခတ်စံ၊ ညှပ်ကြီး၊ ဒန်ပေါက်စတဲ့ အငြိမ့်လူပြက်ကြီးများ ထင်ရှားကျော်ကြားခဲ့ကြတယ်။

အငြိမ့်သဘင်ရဲ့ဖွဲ့စည်းမှုကလည်း နည်းနည်းနဲ့ကျဲကျဲဝိုင်း ဆိုတာမျိုးပဲဖြစ်တယ်။ လူတစ်ကျိပ်လောက်နဲ့ ပြည့်စုံတယ်။ အငြိမ့်ကပြဖို့ နေရာအကျယ်ကြီးမလိုဘူး။ ပေအစိတ်၊ သုံးဆယ်ပတ်လည်လောက်ရှိရင် ကလို့ရတယ်။ ၁၉၅၀ ကျော်၊ ၆၀ ပြည့်နှစ်များအတွင်းကဆို မြို့တော်နေပြည်သူတွေ အပန်းဖြေဖို့အတွက် မြို့တော်စည်ပင်သာယာရေးအဖွဲ့က စနေနေ့ညနေပိုင်းဆို ပန်းခြံတွေမှာ အငြိမ့်ပွဲတွေ ကျင်းပပေးခဲ့ကြတယ်။ ပရိသတ်အချို့က သွားရင်းလာရင်း ငေးရင်းမောရင်း မိုးတိုးမတ်တတ်ကြည့်ကြသလို အချို့ကတော့ ဖိနပ်ဖင်ခုပြီး ပွဲသိမ်းတဲ့အထိ ကြည့်ကြတယ်။



**အငြိမ့်နဲ့ဇာတ်ကွဲပြားမှုကတော့ ဇာတ်သဘင်မှာ အပျိုတော်ခန်း၊ သစ္စာထားခန်း၊ တိုင်းပြည်တည်ခန်းကအစပြုပြီး ဇာတ်ထုပ်ခင်းကြတယ်။ အငြိမ့်သဘင်မှာတော့ ဖော်ပြပါအခန်းတွေ မပါဘူး။ အငြိမ့်ကိုကြည့်ရင် အဆိုကောင်း၊ အပြောကောင်း၊ အကကောင်းနဲ့ ရယ်ရွှင်ဖွယ်ရာတွေကို ခံစားကြရမယ်။ လူပြက်(လူရွှင်တော်)ကောင်းတဲ့ အငြိမ့်၊ အဆို (အသံ) ကောင်းတဲ့အငြိမ့်၊ အကကောင်းတဲ့ အငြိမ့်တွေဆို ပရိသတ်က သဘောကျနှစ်ခြိုက်ကြတယ်**

နောက်ပိုင်းကာလများမှာတော့ အငြိမ့်သဘင်ဟာ အတန်ငယ်မှေးမှိန်တိမ်မြုပ်သလို ဖြစ်ခဲ့ရတဲ့အတွက် တပ်မတော်အစိုးရခေတ်မှာ မြဝတီအငြိမ့်ပြိုင်ပွဲတွေ ပြန်လည်ကျင်းပပေးခဲ့ပြီး မြန်မာ့အငြိမ့်သဘင်ကို ပြန်လည်ဖော်ထုတ်ဆန်းသစ်ပေးခဲ့ရတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာလည်း ရန်ကုန်မြို့တော်ခန်းမရှေ့က ဗန္ဓုလပန်းခြံမှာ မြို့တော်နေပြည်သူတွေ စိတ်အပန်းဖြေစေဖို့ အငြိမ့်သဘင်ဖျော်ဖြေတင်ဆက်မှုအချို့ကို ပြန်လည်ကျင်းပပေးခဲ့တယ်။

ဇာတ်သဘင်ကတော့ အပျိုတော်ခန်း၊ သစ္စာထားခန်း၊ တိုင်းပြည်တည်ခန်းကအစပြုပြီး ဇာတ်ထုပ်ခင်းကြတယ်။ ဇာတ်ထုပ်ခင်းတဲ့အခါမှာ ရှေးကတော့ လူ့သဘော လူ့မနော အရပ်ရပ်က ကောင်းနိုးရာရာ၊ သိဖွယ်၊ မှတ်ဖွယ်၊ နာယူဖွယ်ရာ အကြောင်းအရာတွေ၊ ဒဏ္ဍာရီဇာတ်တွေကိုပဲ ကပြကြတာပေါ့။ ထိုခေတ်က ရုပ်သေးရော၊ ဇာတ်ပါ ဘာကြောင့်ဒဏ္ဍာရီတွေကိုပဲဇာတ်ကကြသလဲဆိုရင် ဇာတ်နိပါတ်တော်တွေကိုကရင် ဂိုဏ်းမလွတ်လေဟန်၊ အပြစ်ဖြစ်ပြီး ငရဲကြီးလေဟန် ထင်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

မြန်မာ့ဇာတ်သဘင်လောကမှာ ဒဏ္ဍာရီဇာတ်တွေကို ခေတ်ကုန်စေပြီး ဇာတ်နိပါတ်တွေကို ခေါ်သွင်းလာသူကတော့ ဇာတ်မင်းသားကြီး ဦးဖိုးစိန်ပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာ မကပြဖူးတဲ့ဇာတ်ထုပ်မရှိအောင် ကပြခဲ့တဲ့အတွက် နောက်မင်းသားတွေခမျာ ဦးဖိုးစိန်ကြီး ကပြပြီးဇာတ်ကို ရှောင်လွှဲကပြဖို့ဆိုတာ အတော့်ကိုခက်ခဲတဲ့ ကိစ္စတစ်ခုဖြစ်ခဲ့ရတယ်။

ဦးဖိုးစိန်ပထမဆုံးကပြတဲ့ဇာတ်က ဝိနည်းတော်မှ ရှင်သုဒိန်ဇာတ်ဖြစ်ပါတယ်။ ဦးဖိုးစိန်ဟာ ဇာတ်နိပါတ်တော်များ ကပြလာတဲ့အခါမှာ ထိုခေတ်က သီလ၊ သမာဓိ၊ ပညာအရာမှာ ထင်ရှားကျော်ကြားတဲ့ဆရာတော်ကြီးများကို ဇာတ်နိပါတ်တော်များ ကခြင်းဖြင့် အပြစ်ရှိ၊ မရှိ မေးလျှောက်ခဲ့ပါသေးတယ်။ အလှူအတန်းရက်ရောပြီး ဘုရားကျောင်းကန်စေတီများစွာတည်ဆောက်လှူဒါန်းလေ့ရှိတဲ့ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဦးဖိုးစိန်ရဲ့ ဗုဒ္ဓသာသနာအပေါ်ထားအပ်တဲ့ စေတနာကို ကောင်းစွာသိမြင်ကြတဲ့ ဆရာတော်ကြီးများက သုတ္တန်၊ ဝိနည်းပါဇာတ်တွေကို ကလို့တရားပြနိုင်ရင် အပြစ်မရှိနိုင်ကြောင်း အဆုံးအဖြတ်ပေးခဲ့ကြပါတယ်။ ဆရာတော်အချို့ဆို "ဖိုးစိန်ဇာတ်နိပါတ်ကို ကပြတာဟာ တို့တရားဟောတာထက်ပိုပြီးတောင် ဇာတ်တော်ကို ကွက်ကွက်ကွင်းကွင်းသရုပ်သဏ္ဌာန်နဲ့ မြင်အောင်ပြနိုင်တယ်"လို့ အားပေးစကားမြွက်ကြားခဲ့ကြတယ်။

ဦးဖိုးစိန်ဟာ လယ်တီဆရာတော်ကြီးရဲ့ အဆုံးအမကို ခံယူသူပီပီ ဆရာတော်ကြီးရဲ့ သံခိပ်တွေကို ဇာတ်ခုံပေါ်ကတစ်ဆင့် ဖြန့်ချိပေးလေ့ရှိသလို ဇာတ်ကရင်း လယ်တီဆရာတော်ကြီးရဲ့ တရားပွဲတွေကို သွားရောက်ဖို့ ကြော်ငြာပေးခဲ့ပြန်ပါတယ်။ သူကနေတဲ့ဒေသကို လယ်တီဆရာတော်ကြီး တရားဟောကြွရောက်လာပြီဆိုရင်လည်း သာသနာကို ဖျက်ရာမရောက်လေအောင် ပွဲဖျက်ပြီး အခြားတစ်ဒေသကိုရွှေ့ပြောင်းကလေ့ရှိပါတယ်။

**ယိမ်းအကကို ဆန်းသစ်ခဲ့**

ဒါ့အပြင် ဦးဖိုးစိန်ဟာ မြန်မာ့ယဉ်ကျေးမှုအဆို၊ အငို၊ အက၊ အပြပညာအမွေအနှစ်တွေကို အရိုးပေါ်အရွက်မဖုံးဘဲ တိုးချဲ့ခဲ့သူလည်းဖြစ်တယ်။ ရှေးက မင်းသားနဲ့မင်းသမီး ပဝါတစ်ကမ်း၊ ယပ်တောင်တစ်ကမ်းကခဲ့ရာမှ သူ့ခေတ်မှာနှစ်ပါးသွားအကကို တိုးချဲ့ခဲ့တယ်။ နောင်လာနောက်သားတွေနည်းယူနိုင်စေဖို့ ဖိုးစိန်အဟဲ၊ ဖိုးစိန်ခြေကဆိုတဲ့ ဇာတ်ဘသင်ပညာအမွေကို ချန်ထားနိုင်ခဲ့တယ်။ ယိမ်းအကကို ဆန်းသစ်ခဲ့တယ်။ ယနေ့ ဇာတ်သဘင်လောကမှာ မင်းသား၊ မင်းသမီးတွေ ဝတ်ဆင်နေကြတဲ့ ခြေအိတ်ရှည်နဲ့ ခြေနင်းပါးကလေးတွေကအစ ဦးဖိုးစိန်ထွင်ခဲ့တယ်လို့ဆိုတယ်။

ထိုခေတ်မြန်မာပြည်သူတွေကလည်း ဦးဖိုးစိန်ကို ဘယ်လောက်အသည်းစွဲနှစ်ခြိုက်ခဲ့ကြသလဲဆိုရင် "ဖိုးစိန်ပွဲဆို ခြင်ထောင်ပေါင်ကြည့်မယ်"ဆိုတဲ့အထိပါပဲ။ ဦးဖိုးစိန်ဟာလည်း မြန်မာပြည်အနှံ့ ဇာတ်ပွဲတွေ ကပြတဲ့အခါမှာ ကိုယ်ပိုင်ဇာတ်သင်္ဘောကြီး၊ ကိုယ်ပိုင်ဇာတ်ရုံတွေနဲ့ ကပြနိုင်ခဲ့တဲ့အထိကို အောင်မြင်ကျော်ကြားခဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဆိုရရင် ဦးဖိုးစိန်ဟာ မြန်မာ့ဇာတ်သဘင်လောကကို မြေဝိုင်းခေတ်မှ မြို့ပြဇာတ်ခုံ ဇာတ်ရုံအဆင့်အထိ တိုးတက်ပြောင်းလဲလာအောင် စွမ်းဆောင်ခဲ့သူ၊ မြန်မာ့ဇာတ်သဘင် တစ်ခေတ်ကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါပေတယ်။ ဒါကြောင့်မို့ မြန်မာပြည်မှာ ဖိုးစိန်ဆိုတဲ့စကားရပ်ဟာ ထူးခြားတဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာတစ်ရပ်အဖြစ် ယခုတိုင် တည်ရှိနေခြင်းဖြစ်ပါတယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာလောကမှာ ကိုယ်ပိုင်ဟန်မရှိဘဲ အခြားထင်ရှားကျော်ကြားသူတစ်ဦးရဲ့ဟန်ကို တုပအသုံးပြုတဲ့သူတွေကို ဒုတိယဖိုးစိန်လို့ တင်စားခေါ်ဝေါ်ရလောက်တဲ့အထိ အောင်မြင်မှုကြီးမားခဲ့သူ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ဒက္ခိဏသီရိမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေသြဇာစက်ရုံရှိ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး ဒက္ခိဏသီရိစက်မှုဇုန်ရှိ ကမ္ဘာကျော်ဓာတ်မြေသြဇာစက်ရုံအတွင်း လုပ်ငန်းလည်ပတ်မှုအခြေအနေအား ကြည့်ရှုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် ဩဂုတ် ၂၉ ရက်က ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ဒက္ခိဏသီရိစက်မှုဇုန်ရှိ ကမ္ဘာကျော်ဓာတ်မြေသြဇာစက်ရုံတွင် မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး စက်ရုံရှိလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က စက်ရုံတာဝန်ခံနှင့် တောင်သူများအား တွေ့ဆုံရာတွင် လူမှုစီးပွားဘဝမြင့်မားရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးစေရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာကျော် ဓာတ်မြေသြဇာစက်ရုံမှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်က စက်ရုံနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဓာတ်မြေသြဇာထုတ်လုပ်ပုံအဆင့်ဆင့်၊ ဓာတ်မြေသြဇာမှ သုံးစွဲနိုင်သော သီးနှံပင်များ၊ ပုံမှန်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့်တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုရာ စက်ရုံတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်ကိုကို**
**(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

သူ့ကျွန်ဘဝမှာ အမျိုးဘာသာ သာသနာမကွယ်ပအောင် ဇာတ်ခုံပေါ်ကနေ တတ်အားသရွေ့ စွမ်းဆောင်ပေးခဲ့သူ ဦးဖိုးစိန်နည်းတူ သူ့ကျွန်ဘဝမှာ မြန်မာပြည်သူတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ တက်ကြွမြင့်မားလာအောင် ဇာတ်ခုံပေါ်ကနေ တိုက်တွန်း နှိုးဆော်ပေးခဲ့တဲ့အပြင် အောင်မောင်းအဟဲ၊ အောင်မောင်းခြေထိုးဆိုပြီး နာမည်ကျော်ခဲ့တဲ့ ဇာတ်မင်းသားကြီး ဦးအောင်မောင်းကိုလည်း တို့တစ်တွေမမေ့သင့်ဘူးပေါ့။

၁၉၃၅ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိကို အောင်မောင်းခေတ်လို့ဆိုနိုင်တယ်။ အောင်မောင်းဇာတ်ကို ကန်ထရိုက်ရဖို့ ပွဲကန်ထရိုက်တွေဟာ အလုအယက်ဖြစ်နေကြတယ်။ အောင်မောင်းဇာတ်ဆိုရင် ဘယ်နှညပဲကက ရုံပြည့်တယ်။ အောင်မောင်းဟော့လို့ ဆိုရင် ညနေ ၄ နာရီကျော်တာနဲ့ ရုံကွဲသွားလို့ ဖွင့်ပေးလိုက်ရတာကများတယ်။ အောင်မောင်းဟာ ရုပ်ကြမ်းသော်လည်း အကမကြမ်းဘူး။ မင်းသားရုပ်မပေါက်ပေမယ့် အောင်မောင်းကပြီဆိုရင် ပျော့ပျော့ပျောင်းပျောင်း၊ အချိုးအဆစ်ပြေပြစ်တယ်။ အောင်မောင်း တကယ်ကတဲ့ညဆိုရင် ယိုးဒယားအကကို အလေးပေးကတတ်တယ်။ ခြေကအမျိုးမျိုးကပြရာမှာတော့ လက်ပိုက်ပြီး၊ လက်နောက်ပစ်ပြီး ခြေကကလေ့ရှိတယ်။ နှစ်ပါးခွင် နောက်ဆုံးအကမှာမှ ခြေထိုးကလေ့ရှိတယ်။ ခြေနှစ်ချောင်းထိုး၊ ခြေတစ်ချောင်းထိုး၊ အလျားလိုက်၊ အနံလိုက်၊ ဒေါင်လိုက်အမျိုးမျိုးပုံစံနဲ့ ဟန်နဲ့ခြေထိုးပြတယ်။ နောက်ဆုံး လေဘာတီခင်ညွန့်ကို ပွေ့ချီပြီး ခြေထိုးပြတယ်။ မင်းသမီးကို ပွေ့ချီထားရပေမယ့် မနိုင်မနင်း မလှမပမဖြစ်ဘူး။ မင်းသမီးကလည်း ယိုးဒယားအကဟန်နဲ့ အပြုံးမပျက်၊ ပွေ့ချီထားတဲ့အောင်မောင်းကလည်း ကော်ရုပ်လေးကို ချီထားသလို ပေါ့ပေါ့ပါးပါးအနေအထားနဲ့ အင်မတန်မှ ကြည့်ကောင်းတဲ့ မြင်ကွင်းပဲလို့ ဆိုကြတယ်။



လေဘာတီ မမြရင်



ဦးစိန်ကတုံး

**အသံချဲ့စက်မပါဘဲ**
**ပကတိအသံနဲ့ပေါက်အောင်ဆိုနိုင်**

အောင်မောင်းရဲ့အသံဟာလည်း ပရိသတ် ထောင်ပေါင်းများစွာကို အသံချဲ့စက်မပါဘဲ ပကတိမူရင်းအသံနဲ့ပေါက်အောင်ဆိုနိုင်တယ်။ ဇာတ်လမ်းဇာတ်ကွက်တွေကို ပြောရာမှာ စာစကား၊ ပေစကား၊ စကားကြီးစကားကျယ်တို့ကိုမပြောဘူး။ မြန်မာစကားစစ်စစ် အရပ်သုံးစကားနဲ့ပြောတယ်။ အောင်မောင်းရဲ့အသံဟာ ကရုဏာသံပါတယ်။ ငိုခန်းရောက်ရင် "ကျွန်မတို့မငိုဘဲ မနေနိုင်တော့ဘူး" လို့ အမျိုးသမီးကြီးတွေက ပြောပြတယ်။

အောင်မောင်းဟာ သူ့ပရိသတ်အကြောင်းကို သူသိတယ်။ ရယ်ချင်သူကို ရယ်ရအောင်၊ ငိုချင်သူကို ငိုရအောင်လုပ်ပေးနိုင်စွမ်းရှိတယ်။

စာရေးဆရာမကြီး လူထုဒေါ်အမာက "အောင်မောင်းဟာ ပြည်သူတွေနေ့တိုင်းသုံး အရပ်စကားတွေကို တတ်လိုက်တာ၊ ငေါက်တန်ရင်ငေါက်၊ ဒေါသဖြစ်တန်ရင် ဖြစ်လိုက်သေးတယ်၊ ပြီးတော့မှ မချိလှလို့ မဲ့ရ၊ ငိုရတဲ့ပုံစံမျိုး၊ သူ့အမဲ့ သူ့အရှိုက်က ပရိသတ်ဘဝင်ကို သိပ်ခိုက်တယ်၊ သူက အမယ်လေး ၃-၄ မျိုးလောက်လုပ်နိုင်တယ်၊ သူ့အမယ်လေးကလည်း ရင်ခေါင်းထဲက လှိုင်းကြီးတွေနဲ့ရိုက်ခတ်ထွက်လာတဲ့ အမယ်လေးမျိုး၊ တစ်ချက်တည်း ဆွဲဖွဲ့လိုက်ရင် တစ်ခါတည်း ဆို့နင့်လာရမယ်လေ။ ဦးအောင်မောင်းကြီးကတော့ လုပ်ချင်ရာ ဝင်လုပ်ခုရယ်နေကြပေမယ့် သူက ခုငိုလာအောင် ပရိသတ်ကို ဖမ်းစားနိုင်တယ်"လို့ ဆိုတယ်။

အောင်မောင်းဟာ ဂဠုန်ယိမ်း၊ ဗန္ဓုလယိမ်း၊ သုံးရောင်ခြည်အလံတော်ယိမ်း၊ ဒေါင်းယိမ်း၊ အိုးစည်ယိမ်း၊ လယ်သူမယိမ်းများကို တီထွင်ခဲ့ပါသေးတယ်။ ယိမ်းအလိုက်သီချင်းများ သီးသန့်စပ်ပေးထားတယ်။ ဂဠုန်ယိမ်းကို အင်္ဂလိပ်အစိုးရက ပိတ်ပင်ခဲ့တယ်လို့ဆိုတယ်။ ဒေါင်းယိမ်းမှာ ခေါင်းမှာ ဒေါင်းဦးခေါင်းပုံစံစွပ်ပြီး ဒေါင်းအလံကို ကိုင်စွဲကပြကြတယ်။ ဗန္ဓုလယိမ်းမှာ ရှေးခေတ်မြန်မာစစ်သည်ပုံစံဝတ်ဆင်ပြီး ဗန္ဓုလခမောက်ဆောင်း၊ ဓားကိုင် ကပြခဲ့တယ်။

**အမျိုးသား ရေးစိတ်ဓာတ် တက်ကြွစရာဖြစ်ခဲ့**

သုံးရောင်ခြည်အလံတော်ယိမ်းမှာတော့ ဝါ၊ စိမ်း၊ နီ အရောင် ဖဲသားကို နဖူးမှာ စည်းထားပြီး သုံးရောင်ခြည်အလံငယ်ကလေးများ ကိုင်ဆောင်ကာ ကပြခြင်းဖြစ်တယ်။ ယိမ်းမထွက်ခင် စာရေးဆရာ ဦးစံခိုက သုံးရောင်ခြည်အလံတော်ကြီးရဲ့ ပရိကံကို နဘေထပ်နဲ့ ပြောတယ်။ ပြီးမှ သုံးရောင်ခြည်အလံတော်ကြီးကို ဇာတ်ခုံပေါ်မှာ တင့်တယ်စွာ စိုက်ထူလိုက်ပြီး ဦးစံခို ကိုယ်တိုင်အလေးပြုလို့ ကြေညာတယ်။ ပွဲကြည့်ပရိသတ်အချို့ကပါ ထပြီး အလေးပြုကြတဲ့အတွက် အင်မတန်မှ အမျိုးသားရေးစိတ်ဓာတ် တက်ကြွစရာဖြစ်ခဲ့တယ်။

ဆိုရရင် အောင်မောင်းဟာ ပင်ကိုအမျိုးသားရေးစိတ်ဓာတ်ရှိသူပီပီ နယ်ချဲ့အင်္ဂလိပ်ကို သူ့အတတ်ပညာနဲ့ဇာတ်ခုံပေါ်ကနေ ဖော်ပြပါနိုင်ငံရေးအသွင်လက္ခဏာဆောင်တဲ့ ပြကွက်၊ ကကွက်၊ ဇာတ်လမ်းတွေနဲ့ ရဲရဲဝံ့ဝံ့တွန်းလှန်တော်လှန်ခဲ့ပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်းမှာတော့ သူ့ဆရာ ဦးစံခိုနဲ့အတူ သခင်အမည်ခံခဲ့ကြတယ်လို့ ဆိုတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွင်းမှာလည်း သူတတ်နိုင်သလောက်ကူညီခဲ့ပေမယ့် သူဘယ်ကဲ့သို့ ကူညီခဲ့တယ်ဆိုပြီး ဝင့်ကြွားလေ့မရှိခဲ့ဘူး။

**ယဉ်ကျေးမှုအမွေအနှစ်တွေ**
**ထွန်းကားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်**

မောင်မြင့်အေးရေ . . .

မြန်မာနိုင်ငံဟာ ပျူခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံစတဲ့ ခေတ်အဆက်ဆက်ကိုယ့်ထီး ကိုယ့်နန်းနဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေက အရေးကြီးသလို ယဉ်ကျေးမှုကဏ္ဍအပိုင်းကလည်း အရေးကြီးတာဖြစ်တဲ့အတွက် ကိုယ့်ရဲ့ မိရိုးဖလာ ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်တွေ မတိမ်ကော မပပျောက်အောင် နိုင်ငံသားတိုင်းက အားပေးကူညီ၊ ထိန်းသိမ်းစောင့်ရှောက်ကြရမယ့် တာဝန်ကိုယ်စီရှိတယ်ကွယ့်။ ဒါကြောင့်မို့ နိုင်ငံတော်က မကြာမီ ပြန်လည်ကျင်းပတော့မယ့် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တို့တစ်တွေ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကြရအောင်လား။ ။


**ကိုးကား -**

- သိန်းဖေမြင့်၏ "ဇာတ်ဆရာဦးဖိုးစိန်" နှင့် "ဇာတ်သဘင် တစ်ခေတ်တီထွင်ခဲ့သူ"
- သခင်အောင်ဖေ၏ "သဘင်သုံးရပ်အရေး" နှင့် ဇာတ်ခုံပေါ်က သခင်တရားဟောသော ဇာတ်မင်းသား" ဆောင်းပါးများ


**❍ သုံးရောင်ခြည်အလံတော်ယိမ်းမှာတော့ ဝါ၊ စိမ်း၊ နီအရောင် ဖဲသားကို နဖူးမှာ စည်းထားပြီး သုံးရောင်ခြည်အလံငယ်ကလေးများ ကိုင်ဆောင်ကာ ကပြခြင်းဖြစ်တယ်။ ယိမ်းမထွက်ခင် စာရေးဆရာ ဦးစံခိုက သုံးရောင်ခြည်အလံတော်ကြီးရဲ့ ပရိကံကို နဘေထပ်နဲ့ ပြောတယ်။ ပြီးမှ သုံးရောင်ခြည်အလံတော်ကြီးကို ဇာတ်ခုံပေါ်မှာ တင့်တယ်စွာ စိုက်ထူလိုက်ပြီး ဦးစံခိုကိုယ်တိုင်အလေးပြုလို့ ကြေညာတယ်။ ပွဲကြည့် ပရိသတ်အချို့ကပါ ထပြီး အလေးပြုကြတဲ့အတွက် အင်မတန်မှ အမျိုးသားရေးစိတ်ဓာတ် တက်ကြွစရာဖြစ်ခဲ့တယ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၁၅ | ၂၄၃၅ | ၂၃၃၀ | ၂၃၄၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၅၉၅ | ၃၂၄၅ |
| 95 Ron | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၁၀ | ၂၃၉၀ | ၂၄၈၀ | ၂၄၉၅ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၃၁၀ |
| HSD (500 ppm) | ၃၀၀၀ | ၃၀၅၀ | ၃၀၄၅ | ၃၀၁၀ | ၃၀၄၅ | ၃၀၇၀ | ၃၀၆၅ | ၃၀၃၅ | ၃၁၅၀ | ၃၁၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၈၅ | ၃၀၈၅ | ၃၀၈၅ | ၃၃၀၅ | ၃၉၈၀ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၁၃၀ | ၃၁၅၅ | ၃၁၅၀ | ၃၁၂၀ | ၃၂၃၅ | ၃၂၃၀ | ၃၁၂၅ | ၃၁၃၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၇၀ | ၃၃၉၀ | ၄၀၁၅ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၁၃၀ | ၃၁၅၅ | ၃၁၅၀ | ၃၁၂၀ | ၃၂၃၅ | ၃၂၃၀ | ၃၁၂၅ | ၃၁၃၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၇၀ | ၃၃၉၀ | ၄၀၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၈ | ၂၃၂၆ |
| HSD (500 ppm) | ၂၈၇၆ | ၂၉၆၄ |
| HSD (50 ppm) | ၂၉၅၇ | ၃၀၄၅ |
| HSD (10 ppm) | ၂၉၅၇ | ၃၀၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များ ဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏ လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ခ ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော်ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက်မော်တော်ယာဉ်၏ လမ်းကြောင်းလက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

( ဂ ) အကယ်၍ အဆင်းနှင့်အတက် မော်တော်ယာဉ်များ ဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန်အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်းလျှော့မောင်းရမည်။

( င ) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

( စ ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကျောက်ဖြူမြို့၌ သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ




ကျောက်ဖြူ စက်တင်ဘာ ၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဖြူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝဘေး တုံ့ပြန်ရေးဆိုင်ရာ Table Top Exercise ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများအား ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီအဖွဲ့များ ဖွဲ့စည်းထားရှိရန်၊ ဘေးအန္တရာယ်ဆိုင်ရာများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကော်မတီများ အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြရန် အစရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းရေး ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် ကျောက်ဖြူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ရုံးဝန်ထမ်းများက ဌာန၏ လုပ်ငန်းများနှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

## လက်ပံတန်းမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း သင်တန်းဖွင့်

လက်ပံတန်း စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ) မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမှတ် (၄၁/၂၀၂၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ရပ်ကွက်၊ ကျေးရွာအတွင်းနေ ကလေးသူငယ်များအား လူကုန်ကူးမှု ကျူးလွန်ခံရမှု မရှိစေရေး၊ အဓမ္မလုပ်အား ခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးသည်။

ယင်းသင်တန်းသို့ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ၂၀၂၂ ခုနှစ် စက်တင်ဘာလ (ပထမ) (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၆ ဒီဂရီဖာရင်ဟိုက်ခန့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၈ မီလီမီတာအတွင်း ရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့) အခြေအနေ ရှိနိုင်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ







**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်နှင့် ၃၁ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ကားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၇၄၉၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခန္တီးမြို့နယ်အတွင်း AD Van အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၀၄၂/၁၀၄၃) အကြားတွင် တရားမဝင် ပိတောက်သစ်ခွဲသား ၄ ဒသမ ၈၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၁၅၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၁၁၅၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၃၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော စားသုံးဆီများ၊ လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ISUZU GIGA အမျိုးအစား (၁၂) ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် Mitsu-bishi Fuso အမျိုးအစား (၁၂) ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၉၃၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ပစ္စည်းနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၃၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ (၂၂) ဘီး ကုန်တင်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၉၃၅၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်ကျွန်းသစ် တန် ၂ ဒသမ ၃၉၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၅၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၈ ရက်၊ ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၅၇၉၀၆၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်

**ပင်လောင်း စက်တင်ဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ပညာရေးမှူး ဦးတင်ငွေက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်သိန်းထွေးက ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများနှင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ် (၉)ရပ်အနက် သင်တန်းနှင့် သုတေသနလုပ်ငန်းတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ပြီး မြို့နယ်များ၌ တစ်နှစ်လျှင်တစ်ကြိမ် မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးဆင့်ပွားသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

သင်တန်းကို သင်တန်းနည်းပြဆရာလေးဦးဖြင့် ဩဂုတ် ၃၀ တစ်ရက်တည်း သင်ကြားပို့ချခြင်းဖြစ်ပြီး သင်တန်းသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၂၈၁ ကျောင်းမှ ဆရာ ဆရာမ ၂၈၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခွန်အာကာစိုး(ပင်လောင်း)**

# သီရိလင်္ကာနိုင်ငံ၏ အကျပ်အတည်းများကို ကူညီရန် အိုင်အမ်အက်ဖ် ချေးငွေထုတ်ချေးရန် သဘောတူ

**ကိုလံဘို စက်တင်ဘာ ၁**

သီရိလင်္ကာနိုင်ငံသို့ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ စေလွှတ်လိုက်သော ကိုယ်စားလှယ်များသည် သီရိလင်္ကာနိုင်ငံအား အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါး ထုတ်ချေးရန် ကနဦးသဘောတူညီချက်ရရှိခဲ့သည်။

လေးနှစ်ကြာ ချေးငွေအစီအစဉ်သည် သီရိလင်္ကာနိုင်ငံ၏ မက်ခရိုစီးပွားရေးတည်ငြိမ်ရန်နှင့် အကြွေးတည်ငြိမ်စေရန်အတွက် ရည်ရွယ်ကြောင်း အိုင်အမ်အက်ဖ်က ပြောသည်။



အိုင်အမ်အက်ဖ်မှ တာဝန်ရှိသူများကို တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံ၏ ပြည်ပကြွေးမြီသည် လွန်ခဲ့သောနှစ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ကျော် မြင့်တက်ခဲ့သည်။

အဆိုပါသဘောတူညီမှုသည် သီရိလင်္ကာနိုင်ငံ ကြုံတွေ့နေသည့် အကျပ်အတည်းမှ လွတ်မြောက်ရန် ရှေ့ဆက်သွားရမည့် လမ်းခရီးအရှည်ကြီး၏ အစဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံဆိုင်ရာ အိုင်အမ်အက်ဖ် မစ်ရှင်အကြီးအကဲ ပီတာ ဘရူအာက ပြောသည်။

နိုင်ငံ့အာဏာပိုင်များအတွက် ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာဖြင့် အဆိုပါလမ်းကို ဆက်လျှောက်ရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံကို ချေးငွေပေးရန် သဘောတူညီချက်သည် အိုင်အမ်အက်ဖ်စီမံခန့်ခွဲရေးနှင့် အမှုဆောင်ဘုတ်အဖွဲ့၏ သဘောတူညီချက်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံအတွင်းရှိ တရားဝင်မြီရှင်များထံမှ အာမခံချက်များ ရရှိရန်နှင့် ပုဂ္ဂလိကမြီရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ရရှိရန် ကြိုးစားဆောင်ရွက်သင့်ကြောင်း အိုင်အမ်အက်ဖ်က သီရိလင်္ကာနိုင်ငံကို တိုက်တွန်းလိုက်သည်။

ဩဂုတ် ၃၀ ရက် အစောပိုင်းက သီရိလင်္ကာသမ္မတ ရာနေးလ်ဝစ်ကရမ်ဆင်းသည် လွှတ်တော်သို့ ကြားဖြတ်အသုံးစရိတ် ဘတ်ဂျက်တစ်ခုတင်သွင်းခဲ့သည်။ အဆိုပါဘတ်ဂျက်သည် ဝင်ငွေမြှင့်တင်ရန်နှင့် ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် ကူညီမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် အမျိုးသားစီးပွားရေးမူဝါဒကို ၂၅ နှစ်ထက်မနည်း ပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နိုင်ငံတွင်းရှိ ပြည်သူများသည် ငွေကြေးဖောင်းပွမှု မြင့်တက်ခြင်း၊ မရှိမဖြစ် အခြေခံစားသောက်ကုန်များ ပြတ်တောက်ခြင်း၊ လောင်စာဆီ ပြတ်တောက်ခြင်းနှင့် ဆေးဝါးပြတ်တောက်ခြင်းများကို ခါးသီးစွာ ခံစားနေရသည်။

**အင်န်အိတ်ချ်ကေ**

## တိုင်ဖွန်းမုန်တိုင်း ဟင်နမ်နော်သည် သီတင်းပတ်ကုန်တွင် အိုကီနာဝါပြည်နယ်သို့ ဝင်ရောက်လာနိုင်

**အိုကီနာဝါ စက်တင်ဘာ ၁**

တိုင်ဖွန်းမုန်တိုင်း ဟင်နမ်နော်သည် တောင်ဘက်သို့ ခေတ္တရွေ့လျားပြီးနောက် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါပြည်နယ်သို့ ပြန်လည်ချဉ်းကပ်ရန် ခန့်မှန်းထားကြောင်း သိရသည်။

ပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီအထိ မီယာကိုဂျီမာကျွန်း၏ တောင်ဘက် ကီလိုမီတာ ၃၇၀ အကွာရှိ ရေပြင်တွင် တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် တောင်ဘက်သို့ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။ လေပြင်းတိုက်ခတ်မှုနှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၇၀ ရှိပြီး မုန်တိုင်း၏ ဗဟိုအနီးတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၉၈ ကီလိုမီတာ ရှိကြောင်း သိရသည်။

မုန်တိုင်းမှာ အိုကီနာဝါပြည်နယ် တောင်ဘက်သို့ ရွေ့လျားနေသဖြင့် အင်အားပြင်းထန်လာမည်ဟု ခန့်မှန်းထားပြီး စက်တင်ဘာ ၂ ရက်အထိ ဆက်လက် တည်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

လေပြင်းများ တိုက်ခတ်ခြင်းနှင့် လှိုင်းကြီးခြင်းတို့အတွက် သတိထားနေထိုင်ကြရန်၊ တိုင်ဖွန်းမုန်တိုင်းနှင့် ပတ်သက်၍ ဘေးကင်းရေး သတိပေးချက်များနှင့် အခြားသတင်းအချက်အလက်များကို နားစွင့်နေရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

မြေပြိုခြင်း၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးခြင်း၊ မြစ်၊ ချောင်းများ ရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်း တိုက်ခတ်ခြင်းတို့အတွက် ပြည်သူများအား သတိရှိကြရန် မိုးလေဝသအေဂျင်စီက တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုကြောင့် တစ်ရက်အတွင်း ၂၇ ဦး သေဆုံးပြီး ၈၇ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံရာသီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးခြင်းနှင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်မတော်တဆမှုများကြောင့် ၂၇ ဦးထက်မနည်း သေဆုံးပြီး ၈၇ ဦး ဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်သည် မိုးရွာသွန်းမှုဒဏ် ခံစားရသည့် အဆိုးရွားဆုံးဒေသဖြစ်ကာ ၁၅ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၂၇ ဦးရှိကြောင်း၊ ထို့နောက် အနောက်မြောက်ပိုင်း ကိုင်ဘာပါ့ခ်တွန်ခွာ ပြည်နယ်တွင် သေဆုံးသူ ခုနစ်ဦးရှိကြောင်း ဩဂုတ် ၃၁ ရက် ညနေပိုင်းက အင်န်ဒီအမ်အေမှ ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှစတင်သည့် မုတ်သုံရာသီအတွင်း သေဆုံးသူစုစုပေါင်း ၁၁၉၁ ဦးထက်မနည်းရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၃၆၄၁ ဦးရှိကြောင်း၊ နိုင်ငံအတွင်း မိုးရာသီအတွင်း အိမ်ခြေ ၁၁၀၆၃၅၉ အိမ်၊ လမ်း ၅၀၆၃ ကီလိုမီတာ၊ တံတား ၂၄၃ စင်းနှင့် ဈေးဆိုင် ၁၇၃ ဆိုင်ပျက်စီးခဲ့ရပြီး တိရစ္ဆာန် ၇၃၁၈၁၈ ကောင်ခန့် သေဆုံးခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောကြားသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း မြေပြိုမှု လူငါးဦးသေဆုံး

**ဆင်နင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချင်းဟိုင်ပြည်နယ်ရှိ ရွာတစ်ရွာ၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၁ ရက်တွင် ပြောကြားလိုက်သည်။

မြေပြိုမှုသည် ဟွန်ဂျာရွာတွင် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒေသခံ ခုနစ်ဦးနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ပြင်ဆင်နေသူ အခြားလေးဦးအပါအဝင် စုစုပေါင်း ၁၁ ဦး ပိတ်မိနေခဲ့ကြောင်း ချင်းဟိုင်ပြည်နယ် ဟိုင်ဒေါင်မြို့ ဟူကျူတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ရေးရာဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ အထိ ကယ်ဆယ်ရှာဖွေမှုများ ဆောင်ရွက်ပြီးနောက် လူကိုးဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သို့သော်လည်း ၎င်းတို့အနက် ငါးဦးမှာ ဆေးရုံတွင် ကုသမှုခံယူခဲ့သော်လည်း သေဆုံးခဲ့ကြောင်း သိရသည်။

ပျောက်ဆုံးနေသူ နှစ်ဦးကို ကယ်ဆယ်ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံသား တစ်သန်းခွဲ အရေးပေါ်အစားအစာ အထောက်အပံ့များလိုအပ်နေ

**ကိုလံဘို စက်တင်ဘာ ၁**

သီရိလင်္ကာနိုင်ငံ၌ စားနပ်ရိက္ခာ ပြတ်လပ်နေချိန်တွင် ပြည်သူ ၁ ဒသမ ၅ သန်းမှာ အရေးပေါ်အစားအစာ အထောက်အပံ့များ လိုအပ်နေကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ) က စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် တောင်အာရှနိုင်ငံအတွင်း စီးပွားရေးအကျပ်အတည်းကြောင့် သီရိလင်္ကာနိုင်ငံသား ၁၀ ဦးအနက် သုံးဦးမှာ အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့နေရပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များတွင် အဆိုးရွားဆုံး ခံစားနေရကြောင်း၊ သီရိလင်္ကာနိုင်ငံသား ၆ ဒသမ ၃ သန်းနီးပါးသည် အစားအစာမလုံလောက်မှုနှင့် အကူအညီများ လိုအပ်နေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံခြားငွေ ပြတ်လပ်မှုကြောင့် လက်ရှိတွင် အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံခြားငွေပြတ်လပ်မှုကြောင့် အစားအစာ အမျိုးအမည်အများအပြား တင်သွင်းခွင့်ကို အဟန့်အတားဖြစ်စေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုရှိ နိုင်ငံပိုင်ဈေးဝယ်ကုန်တိုက်အပြင်ဘက်တွင် အခြေခံအစားအသောက်များ ဝယ်ယူရန် ပြည်သူများ တန်းစီနေသည်ကို တွေ့ရစဉ်။



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးအနက် ၈၈ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၁၁ ရာခိုင်နှုန်းရှိ

**(၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၄၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၄) ဦးအနက် (၆) ဦး (၆.၄) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၈၈) ဦး (၉၃.၆) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၆.၄) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၈၈) ဦး | (၉၃.၆) % |
| **စုစုပေါင်း** | **(၉၄) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၅၃,၈၉၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၃၁၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၆၅၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉) ဦး ရှိပါ သည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း အစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေ တပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသားများ၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၇၃၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၇၉၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၅၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မြောင်းမြခရိုင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မြောင်းမြ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လအထိ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၄၈၅၀၀၁ ဦး ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ မြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်အထက် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၅၄၁၇၇၄ ဦး၊ အကြိမ်ပြည့် ထိုးနှံပြီးစီးသူ ၄၈၅၀၀၁ ဦး၊ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၃၃၅၂၀ ဦးရှိကြောင်း သိရသည်။

မြောင်းမြခရိုင်အတွင်းရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံနိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများအရောက် ကာကွယ်ဆေးထိုးနှံမှုများကို နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြောင်းမြခရိုင် (ပြန်/ဆက်)**

# ဘာလင်ခရီးသွားလုပ်ငန်းပြပွဲသို့ တက်ရောက်နိုင်

**ဘာလင် စက်တင်ဘာ ၁**

၂၀၂၃ ခုနှစ် ITB Berlin ကို မတ် ၇ ရက်မှ ၉ ရက်အထိ Messe Berlin ၌ ကျင်းပရန် စီစဉ်ထားရှိပြီး နိုင်ငံများစွာမှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်စုဝေးကြပြီး ခရီးသွားလုပ်ငန်းအတွက် ဖြစ်နိုင်သည့်အလားအလာများကို တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ITB Berlin ပြပွဲ၌ ပါဝင်ပြသရန် စိတ်ဝင်စားသည့် မြန်မာခရီးသွားလုပ်ငန်းများ ကုမ္ပဏီများအနေဖြင့် ပြပွဲနှင့်ပတ်သက်၍ ထပ်မံအသေးစိတ်သိလိုသော အချက်အလက်များကို https://www.itb.com/en/itb/itb-berlin-for-exhibitors.html တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ဘာလင်မြို့ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

Host Country အဖြစ် ဂျော်ဂျီယာနိုင်ငံကို ရွေးချယ်ထားပြီး ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ITB Berlin Convention ကိုလည်း မြေပြင် Trade Show များနှင့် တစ်ချိန်တည်းတွင် ကျင်းပရန် စီစဉ်ထားရှိပြီး ပြပွဲကာလအတွင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ITB Berlin (International Tourism Exchange Berlin) ပြပွဲကို ခရီးသွားလာခြင်း (Travel)၊ ခရီးသွားလုပ်ငန်း (Tourism)၊ ဧည့်ဝတ်ပြုခြင်း (Hospitality) လုပ်ငန်းကဏ္ဍများအား အတူတကွ ဆောင်ရွက်ကြစေရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်းမှ ခရီးသွားလုပ်ငန်းများ၏ ဗဟိုအချက်အချာတစ်ခုအနေဖြင့် ၁၉၆၆ ခုနှစ်ကတည်းကပင် ဘာလင်မြို့၌ Messe Berlin က ကြီးမှူး၍ နှစ်စဉ် စီစဉ်ကျင်းပခဲ့သည်။



ယခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သော ITB Berlin ပြပွဲသို့ လာရောက်ကြသူများ။

၂၀၂၂ ခုနှစ်တွင် မတ် ၈ ရက်မှ ၁၀ ရက်အထိ ITB Berlin Convention ကို ITB Website မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ကျင်းပ၍ Digitization, Sustainability နှင့် Resilience ပိုင်းတို့ကို ဦးတည်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအစီအစဉ်အားလုံးကို ITB Berlin Youtube Channel ၌ ကြည့်ရှုနိုင်ပြီး မတ် ၁၇ ရက်တွင် ITB Berlin အတွက် Digital Business Day ကို ကျင်းပခဲ့သည်။

၂၀၂၃ ခုနှစ် ပြခန်း စာရင်းသွင်းခြင်းကို https://www.itb.com/en/itb/ standregistration/ တွင် ဝင်ရောက်ပြုလုပ်နိုင်ပြီး စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားကာ စာရင်းသွင်း ပြုလုပ်နိုင်မည်ဖြစ်သည်။

ITB Berlin ၏ အကြီးအကဲဖြစ်သူ Mr. David Ruetz က ၂၀၂၃ ခုနှစ် ITB Berlin ၌ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်နိုင်ပြီး Clients များ၏ တောင်းဆိုချက်အရ တစ်ဦးနှင့်တစ်ဦး ကွန်ရက်ချိတ်ဆက်မှုများ၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ ပြန်လည်ပြုလုပ်နိုင်ကြရန်အတွက် B 2 B Show ပုံစံဖြင့် ပိုမိုဦးစားပေးကျင်းပသွားရန် ရည်ရွယ်ကြောင်း ပြောကြားထားသည်။ **ကိုရိုး**

# နှမ်းတင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းသတ်မှတ်ပမာဏအတိုင်း တင်ပို့နိုင်ကြရန် ဝန်ကြီးဌာနကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ တင်ပို့သည့်နှမ်းများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ ပိုမိုများပြားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှုဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဦးစီး၍ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ တင်ပို့သည့်နှမ်းများတွင် ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်း ပမာဏထက်များစွာ ကျော်လွန်လာသည့် ဖြစ်ရပ်များကြောင့် သတ်မှတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏအတွင်းမှသာ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်သည်။



ဂျပန်နိုင်ငံသို့ တင်ပို့မည့် စားသောက်ကုန်များတွင် အများဆုံးရှိရမည့် ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏများ၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ စားသောက်ကုန်လုံခြုံရေးစံသတ်မှတ်ချက်နှင့် အကဲဖြတ်ဌာနက ဂျပန်နိုင်ငံသို့တင်ပို့မည့် စားသောက်ကုန်များနှင့် ပတ်သက်၍ ပြင်ဆင်သတ်မှတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏ သတ်မှတ်ချက်များ၊ နောက်ဆုံးအခြေအနေများကို သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့၊ ကုမ္ပဏီများက ဆွေးနွေးကြပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ပိုးသတ်ဆေးသုံးစွဲမှုနှင့်ပတ်သက်ပြီး သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများက ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုရိုး**

# Ambiente 2023 ကုန်စည်ပြပွဲ၌ လူ့အသုံးအဆောင်အမျိုးမျိုး ပါဝင်ပြသမည်

**ဖရန့်ဖတ် စက်တင်ဘာ ၁**

Ambiente ကုန်စည်ပြပွဲသည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ နှစ်စဉ် ဖေဖော်ဝါရီလတိုင်း Messe Frankfurt GmbH က စီစဉ်ကျင်းပသည့် လူ့အသုံးအဆောင်အမျိုးမျိုး (Household Goods, Glasswares, Ceramics) ပြသသော ကမ္ဘာ့ထိပ်တန်းစာရင်းဝင် ကုန်စည်ပြပွဲကြီးဖြစ်သည်။

ပြပွဲသည် နှစ်စဉ်နိုင်ငံတကာမှ လူသုံး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးပြသသူများနှင့် လာရောက်လေ့လာသူများတွေ့ဆုံရာ ခေတ်မီပြပွဲစင်တာကြီးတစ်ခုဖြစ်ပြီး နိုင်ငံပေါင်းစုံမှ ပြခန်းများတွင် အိမ်တွင်းအလှဆင်ဒီဇိုင်းပုံစံများ၊ ပရိဘောဂ အသုံးအဆောင်များနှင့် အလှဆင်ပြုပြင်မွမ်းမံခြင်းများပါဝင်သည့်အပိုင်း (Living)၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးနှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်သည့်အပိုင်း (Giving)၊ အိမ်အသုံးအဆောင်နှင့် မီးဖိုဆောင်သုံးပစ္စည်းများ စုစည်းရာအပိုင်း (Dining) ဟူ၍ ခွဲခြားသတ်မှတ်ပြီး ခင်းကျင်းပြသခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်က Ambiente ပြပွဲတွင် နိုင်ငံပေါင်း ၉၀ ကျော်မှ ပြပွဲပြသသူပေါင်း ၄၆၀၀ ကျော် လာရောက်ပြသခဲ့ကြသည်။ ၂၀၂၃ ခုနှစ်အတွက် Ambiente ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ ကျင်းပရန် စီစဉ်ထားရှိပြီး https://ambiente.messefrankfurt.com/ frankfurt/en/planning-preparation/exhibitors.html#register တွင် ဝင်ရောက်စာရင်းသွင်းနိုင်သည်။ ပြခန်းအတွက် ၁၂ စတုရန်းမီတာ အနည်းဆုံးရယူရန် လိုအပ်ပြီး ပြခန်းငှားခနှင့် အခြားဝန်ဆောင်မှုများအပါအဝင် ဈေးနှုန်းများမှာ ယူရို ၅၄၅၀ မှ ၁၀၉၉၀ အထိ အကျယ်အဝန်းအလိုက် ကွာခြားမှုရှိကြောင်း သိရသည်။

ပြပွဲကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဝန်ဆောင်မှုများရယူခြင်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ Shop for Exhibitor Services (www.serviceshop. messefrankfurt.com) နှင့် ဆက်သွယ်ရယူနိုင်ပြီး ပြပွဲတွင် ပါဝင်ပြသခြင်းနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို https://ambiente.messe-frankfurt.com/ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြပွဲသည် မြန်မာနိုင်ငံရှိ အိမ်သုံးလူသုံးပစ္စည်းများနှင့် လက်မှုအနုပညာပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီများ လာရောက်ပြသ၊ လေ့လာနိုင်မည့် ပြပွဲတစ်ခုဖြစ်ကြောင်း ဘာလင်မြို့ မြန်မာစီးပွားရေး သံမှူးက သတင်းပေးပို့ထားသည်။ **ကိုရိုး**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန် ကုန်စည်ဈေးကွက်၌ ကြက်သွန်နီ၊ ဆီ၊ ကြက်သွန် ဖြူ၊ မတ်ပဲနှင့် ပဲစင်းငုံတို့ ဈေးမြင့်လာခဲ့ပြီး ဆန်၊ ငရုတ်၊ အာလူး၊ ကုလားပဲခြမ်းတို့ ဈေးတည်ငြိမ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**ဆန်**

ယခုသီတင်းပတ်အတွင်း ဆန်ဈေးတည်ငြိမ်လျက်ရှိပြီး ဆန်ချောဈေးမှာ ယခင်သီတင်းပတ်အတိုင်းဖြစ်သည်။ ရန်ကုန်နှင့်နယ်ဈေးမှာ တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းဝန်းကျင် ကွာခြားလျက်ရှိသည်။ ဘိုကလေး၊ မော်ကျွန်းနယ်ထွက် ပေါ်ဆန်းလက်ကားဈေး တစ်အိတ်လျှင် ရန်ကုန်၌ ကျပ် ၆၅၀၀၀၊ မော်ကျွန်း၌ လက်လီတစ်အိတ်လျှင် ကျပ် ၅၅၀၀၀ နှုန်းသာ ရှိသည်ကို တွေ့ရသည်။ မိုးစပါးအသစ်အချို့ စတင်ထွက်ပေါ်လာရာ ဆန်ကြမ်းဈေး၊ ဆန်ချောဈေးများ တည်ငြိမ်နေဦးမည်ဟု ခန့်မှန်းရသည်။

**စားသုံးဆီ**

ယခုအပတ် ရည်ညွှန်းဈေးအရ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ရန်ကုန်ပြင်ပဆီဈေးကွက် လက်ငင်းအလှယ် ပီပါဈေးမှာလည်း မြင့်တက်လာသည်။ ဩဂုတ် ၂၇ ရက်က ပြင်ပအလှယ်ဈေး တစ်ပိဿာ ကျပ် ၈၈၀၀ ရှိပြီး ၂၉ ရက်တွင် တစ်ပိဿာ ကျပ် ၉၁၀၀/၉၂၀၀၊ ၃၁ ရက်တွင် တစ်ပိဿာ ကျပ် ၉၄၀၀/၉၅၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

**မတ်ပဲ၊ ပဲစင်းငုံနီနှင့် ကုလားပဲခြမ်း**

ယခင်ဈေးကျနေသည့် ပဲမျိုးစုံတို့ ယခုကာလတွင် ဈေးပြန်လည်မြင့်တက်လာခဲ့သည်။ ဩဂုတ် ၃၀ ရက်တွင် မတ်ပဲ FAQ/RC တစ်တန်လျှင် ကျပ် ၂၁၀၀၀၀၀၊ SQ/RC တစ်တန် ကျပ် ၂၄၁၀၀၀၀၊ ပဲစင်းငုံနီ Red/RC တစ်တန် ကျပ် ၂၁၂၀၀၀၀ နှုန်းရှိလာသည်။ ဩဂုတ် ၃၀ ရက်တွင် တစ်ပိဿာ ကျပ် ၄၃၀၀/၄၅၀၀ နှုန်းရှိသော ကုလားပဲခြမ်းမှာ ဩဂုတ် ၃၁ ရက်တွင် ကျပ် ၄၃၀၀/၄၄၀၀ သို့ ဈေးနှုန်းကျဆင်းလာခဲ့သည်။

**ကြက်သွန်နီ**

ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ဆိပ်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၂၅၀၀မှ ၃၁၀၀၊ မုံရွာ ကျပ် ၂၇၀၀ မှ ၃၃၀၀ သို့ ဈေးနှုန်းမြင့်တက်လာသည်။ ကြက်သွန်နီဈေးကွက်အတွင်း ထပ်မံမြင့်တက်နိုင်ခြေရှိကြောင်း သိရသည်။ နယ်ဈေးနှုန်းမှာ ဩဂုတ် ၃၁ ရက်တွင် ဆိပ်ဖြူကုန်စည်ဒိုင်၌ အမြင့်ဆုံး တစ်ပိဿာ ကျပ် ၃၁၀၀၊ ပခုက္ကူကုန်စည်ဒိုင်၌ ကျပ် ၃၁၀၀ နှုန်းရှိသည်ဟု နယ်ဈေးကွက်သတင်းများအရ သိရသည်။ **အောင်ခင်နိုင်**

## တရုတ်နိုင်ငံ အကောက်ခွန်က နယ်စပ်ဖြတ်ကျော်ခရီးသွားများအတွက် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာအစီရင်ခံခြင်း စည်းမျဉ်းအချို့ကို ရုပ်သိမ်း

**ပေကျင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ခရီးသွားများ ဝင်ရောက်စဉ် အကောက်ခွန်ရှင်းလင်းသည့်အခါတွင် စမ်းသပ်မှုများနှင့် ယခင်ကူးစက်မှုများကဲ့သို့ အချို့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များကို အစီရင်ခံရန် မလိုအပ်တော့ကြောင်း ဩဂုတ် ၂၅ ရက်က ထုတ်ပြန်ထားသည်။

**ခက်ခဲမှုများ လျော့နည်းစေရန်**

နိုင်ငံတကာ ခရီးသွားများအတွက် ကမ္ဘာ့အတင်းကျပ်ဆုံး ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒအချို့ ရှိနေဆဲဖြစ်သည့် တရုတ်ပြည်မကြီးသည် နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှုအတွက် ခက်ခဲမှုများလျော့နည်းစေရန်နှင့် ဆောင်ရွက်ရန်လိုအပ်ချက်များ တိုတောင်းစေရန် ပြင်ပခရီးသွားများအတွက် စမ်းသပ်စစ်ဆေးခြင်းနှင့် သီးသန့်ခွဲထုတ်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ဖယ်ရှားခြင်းကဲ့သို့သော ခြေလှမ်းများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြည်ပနိုင်ငံအများအပြားမှ တရုတ်နိုင်ငံသို့ ဝင်ရောက်ရန် ရည်ရွယ်သူများသည် လေယာဉ်မတက်မီတွင် စမ်းသပ်မှုများနှင့် အခြားကိုဗစ်-၁၉ ဆိုင်ရာ အချက်အလက်များကို တရုတ်သံရုံးများသို့ တိုင်ကြားရန်လိုအပ်ကြောင်းကိုမူ တရုတ်နိုင်ငံသံရုံးဝက်ဘ်ဆိုက်များတွင် ဖော်ပြထားဆဲဖြစ်ကြောင်း ကူမင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## ဗီယက်နမ် ဆန်တင်ပို့မှု တန်ချိန် ၆ သန်းခွဲ ရောက်ရှိမည်ဟု ခန့်မှန်း

**ဟနွိုင်း စက်တင်ဘာ ၁**

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် ၆ ဒသမ ၂၄ သန်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် ကမ္ဘာ့ဆန်ဝယ်လိုအားကြောင့် ဆန်တင်ပို့မှု တန်ချိန် ၆ ဒသမ ၃ သန်းမှ ၆ ဒသမ ၅ သန်းခန့်အထိ တိုးတက်နိုင်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် အားကောင်းစွာဖြင့် တိုးတက်လာခဲ့ပြီး အဆိုပါတိုးတက်မှုအရှိန်အဟုန်သည် ယခုနှစ်လက်ကျန်ကာလတွင် ဆက်လက်တည်ရှိနေမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်းဥက္ကဋ္ဌဖြစ်သူ Nguyen Ngoc Nam က ပြောကြားသည်။

**ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့သူ**

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့သူအဖြစ် ရပ်တည်နေပြီး ယခုနှစ် ပထမ ရှစ်လတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်သဘော်တင်ပို့မှုမှာ နှစ်အလိုက်နှိုင်းယှဉ်လျှင် ၁၉ ရာခိုင်နှုန်း တိုးလာခဲ့ကာ တန်ချိန် ၄ ဒသမ ၇ သန်း ရှိခဲ့သည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ပိုမိုမြင့်မားလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဆန်စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများစွာ၌ ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ခြင်းတို့ကြောင့် လာမည့်လများတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်အများဆုံး တင်ပို့သည့် ဈေးကွက်အဖြစ် ဖိလစ်ပိုင်နိုင်ငံက ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဆန်တန်ချိန်စုစုပေါင်း ၃၃၀၀၀၀ ကို ဝယ်ယူ၍ သုံးလအတွင်း တင်သွင်းသွားရန် သဘောတူညီချက်ရရှိထားကြောင်း သိရသည်။

## ဘာလင်မြို့ မြန်မာစီးပွားရေးသံမှူးနှင့် ဂျာမန်ကော်ဖီအသင်း တွေ့ဆုံဆွေးနွေး



ကမ္ဘာ့ဒုတိယအကြီးဆုံးကော်ဖီဈေးကွက်ဖြစ်သည့် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ကော်ဖီဆိုင်တစ်ဆိုင်။

German Coffee Association ဘက်မှ တောင်းဆိုချက်အရ စီးပွားရေးသံမှူးက မြန်မာကော်ဖီ product profile နှင့် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများနှင့် ဂျာမနီနိုင်ငံသို့တင်ပို့သည့် ပို့ကုန်အချက်အလက်များကို ပေးပို့ထားခဲ့ပြီး ဟမ်းဘတ်မြို့ အခြေစိုက် German Coffee Association မှ အထွေထွေမန်နေဂျာ Mr. Holger Preibisch နှင့် ဂျာမနီရှိ မြန်မာသံရုံးမှ စီးပွားရေးသံမှူးတို့ ဩဂုတ် ၂၈ ရက်တွင် Zoom meeting ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဂျာမနီသို့ မြန်မာ့ကော်ဖီတင်ပို့မှု လျော့ကျ**

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက မြန်မာနိုင်ငံအနေဖြင့် အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်ပျမ်းမျှ တန်ချိန် ၇၀၀၀ ခန့် ထုတ်လုပ်နိုင်ပြီး ပို့ကုန်အနေဖြင့်ပျမ်းမျှ တန်ချိန် ၈၀၀ မှ ၁၀၀၀ အကြား တင်ပို့နေကြောင်း၊ အာရှနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ ဖြစ်ကြောင်း၊ အီးယူနိုင်ငံများသို့ တင်ပို့မှုသည် တိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့ တင်ပို့မှုသည် ၂၀၁၈ ခုနှစ်မှစ၍ လျော့ကျလာကြောင်း၊ အီးယူနိုင်ငံများအနက် ဘယ်လ်ဂျီယံနိုင်ငံက အများဆုံး တင်သွင်းနေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေများ၊ Cupping results များ မြင့်မားကောင်းမွန်မှုအရ အထူးတန်းဝင် အရည်အသွေးမြင့် Specialty Coffee များကို ၂၀၁၄-၂၀၁၅ ခုနှစ်လောက်မှစ၍ ထုတ်လုပ်နိုင်ပြီး Development Projects များ၏ ပံ့ပိုးကူညီမှုများကလည်း ဈေးကွက်ဝင်ရောက်နိုင်ရန် များစွာ အထောက်အပံ့ပေးခဲ့ကြောင်း၊ မြန်မာကော်ဖီအသင်းကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းက ဦးဆောင်၍ ယခုနှစ် ဇွန်လအတွင်း အီတလီနိုင်ငံ၊ မီလန် Coffee Expo ပွဲတွင် မြန်မာကော်ဖီကုမ္ပဏီများ ဝင်ရောက်ပြသခဲ့ကြကြောင်း၊ Specialty Coffee ကို ဂျပန်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဂျာမနီနိုင်ငံ၌လည်း Specialty Coffee သောက်သုံးမှုကို ပိုမိုနှစ်ခြိုက်လာကြသည်ကို သိရှိရကြောင်း၊ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များရှိပါက ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**အဖြေရှာ စဉ်းစားရန်လိုအပ်**

ဂျာမန်ကော်ဖီအသင်းမှ Mr. Holger Preibisch က ဂျာမနီနိုင်ငံသည် ကော်ဖီဈေးကွက်ကြီးမားပြီး အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်သွင်းသူနှင့် ဥရောပတွင် အများဆုံး တင်သွင်းသူဖြစ်ကြောင်း၊ နှစ်စဉ်ပျမ်းမျှ တန်ချိန် ၁၀ သန်းခန့် တင်သွင်းနေကြောင်း၊ မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်ဝေစုသည် နည်းပါးနေပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း အီးယူနိုင်ငံများသို့ တင်ပို့မှု တိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့ တင်ပို့မှု ကျဆင်းလာခြင်းအတွက် အဖြေရှာစဉ်းစားရန် လိုအပ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အဖွဲ့ဝင်များနှင့် ဂျာမန်ကော်ဖီလုပ်ငန်းကဏ္ဍအတွက် မူဝါဒ၊ ဥပဒေရေးရာ၊ နည်းပညာနှင့် ထုတ်ကုန်အရည်အသွေးပိုင်း၊ ဈေးကွက်သုတေသနပိုင်း၊ သင်တန်းနှင့် ဆွေးနွေးပွဲများ စသည်တို့တွင် ပံ့ပိုးပေးနေပြီး ကုန်သွယ်မှုပိုင်း၊ ဈေးကွက်ဝင်ရောက်မှုပိုင်းနှင့် ပတ်သက်၍ ဂျာမနီနိုင်ငံအခြေစိုက် Coffee trading houses များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ဆက်သွယ်ရမည့် Contacts များပေးပို့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ trading houses များသည် Specialty Coffee ကို အလေးထားလုပ်ကိုင်နေကြသူများလည်း ဖြစ်ပြီး အီးယူကော်ဖီလုပ်ငန်း အများစုနှင့် ချိတ်ဆက် ဆောင်ရွက်နေကြသူများလည်းဖြစ်ကြောင်း၊ အာရှဒေသတွင် ဗီယက်နမ်နိုင်ငံသည် အီးယူဒေသသို့ ကော်ဖီအများဆုံး တင်ပို့သူဖြစ်သော်လည်း အရည်အသွေးပိုင်းတွင် မြန်မာနိုင်ငံကဲ့သို့ အထူးတန်းဝင်မဟုတ်ဘဲ ကွာခြားမှုရှိသည်ဟု ယူဆကြောင်း ဆွေးနွေးပြောကြားသည်။

**ဂျာမနီ၌ Specialty Coffee ဈေးကွက်အလားအလာများစွာရှိ**

ဆက်လက်၍ ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ Certification လိုအပ်ချက်သည် ဈေးကွက်အလိုက် အမျိုးမျိုးကွာခြားကြောင်း၊ ဂျာမနီနိုင်ငံကော်ဖီဈေးကွက်တွင် Fairtrade Certificate သည် ငါးရာခိုင်နှုန်း၊ Rainforest Certificate သည် ၁၀ ရာခိုင်နှုန်းခန့်နှင့် အော်ဂဲနစ် Certificate သည် ၃ ရာခိုင်နှုန်းခန့်သာ နေရာယူထားကြောင်း၊ ယေဘုယျအားဖြင့် ဂျာမနီနိုင်ငံရှိ ကော်ဖီထုတ်ကုန်အများစုသည် Certificate ကို များစွာအသုံးပြုမှုမရှိကြကြောင်း၊ Specialty Coffee အတွက်မူ အများအားဖြင့် Certification လိုအပ်ချက်အတွက် သီးခြားသတ်မှတ်မှုမျိုးမရှိကြဘဲ အရည်အသွေးကောင်းမွန်မှုကိုသာ အဓိကထားကြကြောင်း၊ ဂျာမန်စားသုံးသူများက Specialty Coffee ကို ပိုမိုသောက်သုံးလာကြပြီး ထုတ်လုပ်သူ (Small roasters) ပေါင်း ၁၀၀၀ ခန့်ရှိပြီး Specialty Coffee သည် ကော်ဖီဈေးကွက်ဝေစု၏ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ဂျာမနီနိုင်ငံတွင် ကော်ဖီသောက်သုံးမှုမှာ တစ်နှစ်ပျမ်းမျှ တန်ချိန် ၄၅၀၀၀၀ ခန့်ရှိရာ Specialty Coffee ၇ ရာခိုင်နှုန်းရှိခြင်းကြောင့် ဈေးကွက်အလားအလာများစွာရှိ ကြောင်း၊ ဘရီမင်၊ ဟမ်းဘတ်၊ ဘာလင်တို့တွင် roasting industry လုပ်ငန်းကြီးများ အဓိကလုပ်ကိုင်နေကြကြောင်း၊ ဂျာမန်ကော်ဖီလုပ်ငန်းများသည် နိုင်ငံအသီးသီးမှ ကော်ဖီအမျိုးအစားများကို ရောနှော၍ roasting နှင့် blending ပြုလုပ်ကြပြီး အရသာတစ်မျိုးတည်း ဖြစ်စေရန် နှစ်စဉ်ပြုလုပ်ကြကြောင်း၊ roasted coffee ကို တင်သွင်းခြင်း မပြုလုပ်ကြကြောင်း၊ Packaging အများစုတွင် country of origin ကို ဖော်ပြခြင်းမပြုကြဘဲ Specialty Coffee များတွင်သာ မြင်တွေ့နိုင်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

**တိုးတက်ထုတ်လုပ် တင်ပို့စေလို**

မြန်မာနိုင်ငံ ရွှေတောင်သူကော်ဖီအဖွဲ့မှ ထုတ်လုပ်သော Catuai အမျိုးအစား Dry Natural နှင့် fully washed ကော်ဖီနမူနာများကို စီးပွားရေးသံမှူးက မိတ်ဆက်ပြသခဲ့ရာ Mr. Holger Preibisch က Coffee houses များသို့ အဆိုပါ နမူနာအထုပ်များ ပေးပို့၍ ဆက်သွယ်ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ မြန်မာနိုင်ငံမှ ကော်ဖီသည် Specialty Coffee တန်းဝင်အမျိုးအစားအနေဖြင့် အရည်အသွေး ပြည့်ဝစွာ ထုတ်လုပ်နိုင်ပြီး ပြည့်စုံကောင်းမွန်မှုရှိသည်ကို သိရှိထားကြောင်း၊ ပိုမိုတိုးတက်ထုတ်လုပ် တင်ပို့စေလိုကြောင်း၊ မြန်မာကော်ဖီနှင့် ကော်ဖီစိုက်တောင်သူများအတွက် ဆုမွန်ကောင်းတောင်းပေးပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲပြီးနောက် German Coffee Association က ဆက်သွယ်ဆောင်ရွက်ရမည့် Coffee trading houses များစာရင်းကို ပေးပို့လာခဲ့ပြီး ဆက်လက် ဆက်သွယ်ဆောင်ရွက်သွားမည်ဟု ဘာလင်မြို့ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** ဓမ္မစက္ကပ္ပဝတ္တနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အနတ္တလက္ခဏသုတ် တရားတော်

**၀၇:၀၀** နံနက်ခင်းသတင်း

**၀၈:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ)(ပထမပိုင်း)

**၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

**၀၉:၃၅** မျက်မှောက်ရေးရာအဖြာဖြာ

**၁၀:၀၀** သတင်းထဲကသတင်း

**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ

**၁၃:၃၀** MRTV National News

**၁၄:၄၅** ၂၀၂၂ ခုနှစ်၊ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ပြည်ထဲရေးဝန်ကြီးဌာနအသင်း) နှင့် (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)

**၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ)(ဒုတိယပိုင်း)

**၁၈:၀၀** ပြည်တွင်းသတင်း

**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ

**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၄)

**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

**၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ ဝှက်ပြသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-က)(ပွဲစဉ်-၁)

Lorem Ipsum

**mitv**

**07:02** Evergreen Classic: Parami Taw (Hnin Hnin Htoo)

**07:09** Artist Life: Designer Nay Chi Win Lai Yee

**07:26** San Lin Tun (Winner) Lose2Win with Andy Season 2

**07:44** MONASTERY (Bargayar Kyaung)

**08:01** News

**08:28** Rakhine Tourist Area

**09:01** Myanmar Puppeteers (Zawgyi Dance)

**09:10** Crickets: Seasonal Delicacy & Job Opportunity

**09:27** Myanmar Traditional Brass Embossed Painting

**09:46** The Golden Triangle

**10:01** News

**10:26** Global Partnership for Brighter Future: Zimbabwe Pavilion at Expo 2020 Dubai

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံမြို့

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခရူးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ပကိုကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ ငါးခူမွေးကြပါစို့

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝမိကျောင်းများပျော်စံရာ မိန်းမလှကျွန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း

**၀၆:၄၀** အားကစားသတင်း

**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)

**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)

**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)

**၁၄:၀၀** MRTV National News

**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)

**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)

**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)

**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**၂၁:၄၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (ဩဂုတ်လ၊ အပိုင်း-၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ

**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမခက်'

**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ

**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)

**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)

**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်

**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း

**၀၇:၀၀** စိုက်ပျိုးရေးကိုအခြေတည်...တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ

**၀၇:၃၅** တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့

**၀၈:၂၀** စီးပွားဖြစ်နေသည့်သခွားမွှေး GAP စနစ်ဖြင့်စိုက်ပျိုးပေး

**၀၉:၃၅** အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်

**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ

**၀၇:၃၀** Soccer View/Weekly Sports Info/ Sports Diary/ Weekly MNL Review

**၁၄:၅၀** ၂၀၂၂ ခုနှစ်၊ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ပြည်ထဲရေးဝန်ကြီးဌာနအသင်း) နှင့် (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)

**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်အသင်း နိုင်ပွဲဆက်

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့အဖြစ် ယောမြေအသင်းနှင့် တက္ကသိုလ်အသင်းတို့ စက်တင်ဘာ ၁ ရက်က သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

တက္ကသိုလ် အသင်းသည် ယောမြေအသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့ပြီး ဇယားထိပ်သို့ တက်လှမ်းနိုင်ခဲ့သည်။ တက္ကသိုလ်အသင်းသည် ယနေ့ပွဲအနိုင်ရခဲ့သဖြင့် ယခင်ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက် အသင်းကို ပွဲတူ တစ်မှတ်အသာရကာ ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဒဂုံစတားယူနိုက်တက် အသင်းသည် စက်တင်ဘာ ၂ ရက်တွင် Young Boys အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက တက္ကသိုလ်အသင်းထက် တစ်ပွဲပိုကစားကာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

ယောမြေအသင်းသည် ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်နိုင်ခြင်းမရှိသေးဘဲ လေးပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ တက္ကသိုလ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲအစမှာပင် အဖွင့်ဂိုးရရှိခဲ့ခြင်းကြောင့် ပွဲကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ် အသင်းအတွက် အနိုင်ဂိုးများကို ၂ မိနစ်မှာပင် မြင့်နိုင်သူ၊ ၁၇ မိနစ်တွင် ကောင်းသက်နိုင်၊ ၉၀+၁ မိနစ်တွင် သိန်းထက်အောင်က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် တက္ကသိုလ်အသင်းက လေးပွဲကစား ရမှတ်ကိုးမှတ်ရရှိထားပြီး ယောမြေအသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပွဲစဉ် (၅) နောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၂ ရက် **(ယနေ့)** တွင် Young Boys အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၁**

စက်တင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်းသည် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ပဏာမကစားသမား ၃၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဧပြီလကတည်းက တောက်လျှောက်လေ့ကျင့်နေခြင်းဖြစ်ပြီး အာဆီယံ ယူ-၁၉ ပြိုင်ပွဲနှင့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲပြီးနောက် တတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ပဏာမကစားသမားများ ထပ်မံဖြည့်တင်းကာ စုစုပေါင်း ၃၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် အုပ်စု (က) ၌ ဆော်ဒီအာရေဗျ၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ မော်လ်ဒိုက်အသင်းတို့နှင့် ကျရောက်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၉-၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် ၂၀၀၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် ၂၀၀၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၇၀၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၇၀၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၁၄၀ ကျပ် | ၃၁၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၂၅ ကျပ် | ၃၂၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၇၅ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၀၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၀၁ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၂၄၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၉ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၀၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၅၀၀ | ၁၅၇ | ၁၁၇၂၇၀၀ |
| MTSH | ၂၅၀၀ | ၂၆၅၀ | ၂၁၈၉၅ | ၅၅၈၄၂၇၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၁ | ၇၁၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၈၁၀ | ၁၄၉၈၅၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၅၂၄ | ၁၂၃၁၄၀၀ |
| EFR | ၂၄၀၀ | ၂၄၅၀ | ၅၁၉ | ၁၂၅၁၅၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၄၆ | ၉၅၃၅၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## " ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ "



ပိဋကတ်ကျောက်စာဓမ္မစေတီတော်
(ကျောက်စာချပ် အလျား၄၅" အမြင့်၉၃" အထု၇. ၂")



ပါဠိရိုမန် ပါဠိမြန်မာ



(၄၀)အုပ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း၌ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ကျောက်စာချပ်(၁၄၄၀)ချပ်အား ပိဋကတ်ကျောက်စာဓမ္မစေတီတော်တစ်ဆူလျှင် ကျောက်စာချပ်(၂)ချပ် စိုက်ထူပြီး တန်ဖိုးငွေ (၂၇၉)သိန်းကျပ်နှုန်းဖြင့် ဓမ္မစေတီတော် (၇၂၀)ဆူ တည်ထားပူဇော်ရန်ဆောင်ရွက်နေပြီဖြစ်ပါသဖြင့် အလှူရှင်အမည်ကမ္ပည်းရေးထိုးပြီး လှူဒါန်းလျက်ရှိပါသည်။

ဓမ္မစေတီတော်များရှိ ကျောက်စာချပ်များ၌ ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်များကို ကျမ်းစာအုပ် တစ်အုပ်တွင် ပါဝင်ရမည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျပြုစု၍ ဥရောပနိုင်ငံမှထုတ်လုပ်သော (Creamy) အမျိုးအစားစက္ကူ 60 gsm ၊ သားရေအဖုံးရွှေသွင်းတို့ဖြင့် နိုင်ငံတကာ အဆင့်မီကျမ်းစာအဖြစ် ပုံနှိပ်ထုတ်ဝေပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှထေရဝါဒဗုဒ္ဓဘာသာအား သင်ကြားပေးနေသည့်တက္ကသိုလ်ကြီးများနှင့်သာသနာပြုကျောင်းများ၊မြန်မာနိုင်ငံ အတွင်းရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ် (စစ်ကိုင်း) တို့ကဲ့သို့ တက္ကသိုလ်ကြီးများအပြင် စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေ လှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ "ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည်အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင်ရေးထိုးပေးသွားမည်** ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း (၄၀အုပ်) (၁)စုံလျှင် (၁၂) သိန်းကျပ် နှုန်းဖြင့် အင်းဝဘဏ် ငွေစာရင်းအမှတ် - ၁၀၀၀၁၀၀၀၁၄၄၄၄၀၁ ၊ မြဝတီဘဏ် ငွေစာရင်း အမှတ်- ၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် - ၀၃၄၃၀၄၀၃၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့် ဖြစ်စေ ဦးစွာ ဆက်သွယ် ပေးသွင်း လှူဒါန်းနိုင်ပြီ ဖြစ်ပါကြောင်းနှင့်အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း အပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း- ၀၉ ၆၉၁၀၀၀၉၆၉၊ ၀၉ ၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် - ဖုန်း - ၀၉ ၄၂၉၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၁၆


## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုဘုန်းတော်ကြီးကျောင်းတိုက်၊ ပူတာအိုမြို့ရှိ ဟိုခိုဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းအမှတ် (၂) ဝင်းရှိ အောင်ခေမာတွံ့တေးကျောင်းတိုက်၊ တိုက်ကြီးမြို့နယ် ကံသာယာကျေးရွာရှိ ဇောတိကာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မဟာဗောဓိကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ရွာသာယာဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ ဓမ္မမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း၊ ပုဏ္ဏားကျွန်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ ကျောက်တော်မြို့ရှိ ရတနာဦးဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ဓမ္မရက္ခိတသီလရှင်ကျောင်းနှင့် မကွေးမြို့ရှိ ပညာသိဒ္ဓိကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဃာတော်များနှင့် သီလရှင်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်းများအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး) ရှိ ဝန်ထမ်းများက ဟားခါးမြို့ သုခိတာရုံသီလရှင် စာသင်တိုက်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချိုးတာရေး နည်းလမ်းများ

- ❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဇေယျာသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ မြေကွက်အမှတ် (၁၀၁၈) အကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနတွင် ဦးစိုးလွင် J/RGN-၀၅၅၈၁၁ အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလီယုံချမ်း ၉/ပဥလ(နိုင်)၀၂၈၁၉၈ မှ အဆိုပါ မြေကွက်အား မိမိမှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိန်ဥ ၁၃/လရန(နိုင်)၀၀၇၅၈၄ က ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## အမည်မှန်

